# ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ စနေနေ့ (17-5-2014) (၇၀၄၃)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် မေ ၁၇**

၂၀၁၄ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေနိုင်ငံ ဝန်ကြီးချုပ် မစ္စ အာနာ ဆိုးလ်ဘတ်ဂ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC)၏ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mme. Yan Junqi ဦးဆောင်သော ကိုယ်စားလှယ်နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဘက်စုံ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး၊ လွှတ်တော်နှစ်ရပ်အကြား ပိုမို ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC)၏ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# မြစ်ကြီးနားမြို့နယ်တွင် သဘာဝကိုအခြေခံ၍ စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် ပေါင်းစည်းလယ်ယာစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နေ

**မြစ်ကြီးနား မေ ၁၆**

နေပီယာမြက်မျိုး သုံးဧက စိုက်ပျိုးထားသည့်အပြင် ကိုယ်ပိုင်အစာစပ်စက်ရုံမှအစာများဖြင့် မိမိခြံများရှိ တိရစ္ဆာန်များကို ကျွေးမွေးခြင်းဖြင့် ကုန်ကျစရိတ်အနည်းဆုံးဖြင့် သဘာဝကို အခြေခံကာ မွေးမြူရေးစနစ်ကို ကျင့်သုံးလျက်ရှိသော ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ ရွှေမြင့်မိုရ် မွေးမြူရေးလုပ်ငန်းတွင် နို့စားနွား ၆၂ ကောင်နှင့် ဒေသနွား ၄၈ ကောင်၊ အသားတိုးဝက်၊ ဆိတ်၊ ဘဲနှင့် ငါးများကိုမွေးမြူထားပြီး ဥစားကြက်ကောင်ရေတစ်သိန်းနှင့် အသားစား ကြက်ကောင်ရေ တစ်ကြိမ်လျှင် ၂၀၀၀ ခန့် မွေးမြူထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ မွေးမြူရေးလုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ကုန်ကျစရိတ်သက်သာပြီး ကျန်းမာရေးနှင့်ကိုက်ညီသော Organic သီးနှံများ ထုတ်လုပ်နိုင်သည့်အပြင် သဘာဝအခြေခံစိုက်ပျိုးမွေးမြူထုတ်လုပ်သည့် ပေါင်းစည်းလယ်ယာစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ ရွှေမြင့်မိုရ်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

## ယနေ့ မိုးလေဝသ အခြေအနေ

### မိုးထစ်ချုန်းရွာနိုင်

နေပြည်တော်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

### မိုးထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၇၀ ဖြစ်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ စတင်ဝင်ရောက်နိုင်ပါသည်။

**ကြေးမုံစာတည်းရှုထောင့်** **၁၇-၅-၂၀၁၄၊ စနေနေ့**

# ဖတ်ပါမှတ်ပါ အသိပညာ

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ကတည်းက လူတိုင်းလူတိုင်း စာတတ်မြောက်အောင် သူနည်းသူ့ဟန်ဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ စာတတ်သူ၊ စာဖတ်သူသည် လောကအလယ်တွင် မျက်နှာမငယ်ဘဲ ကြိုးစားလျှင် ကြိုးစားသလောက် ဘဝတွင်အောင်မြင်မှုများ ရရှိစေနိုင်ပါသည်။

ထို့ကြောင့် အုပ်ချုပ်သူအစိုးရအဆက်ဆက်တို့က စာတတ်မြောက်ရေး၊ စာဖတ်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးခဲ့ရာ ယခုအခါ မြန်မာနိုင်ငံတွင် စာဖတ်သူများတိုးပွားပြီး စာမတတ်သူမရှိသလောက် နည်းပါးသွားခဲ့ပြီဖြစ်ပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ကျေးလက်များတွင် စာမတတ်သေးသူအချို့ ကျန်ရှိနေသေးသဖြင့် နိုင်ငံတော်က စာတတ်မြောက်ရေးလုပ်ငန်းများကို တက္ကသိုလ်ကျောင်း ၃၀ မှ ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦးနှင့် ဆရာ ဆရာမပေါင်း ၄၀၃ ဦးတို့ပူးပေါင်းကာ အနယ်နယ်အရပ်ရပ်ရှိ စာသင်ဝိုင်း ၄၄၄၇ ဝိုင်းတွင် စာမတတ်သေးသူ ၄၆၄၇၉ ဦးကို စာတတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့၍ အဆိုပါပညာဒါနအတွက် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် မေ ၁၅ ရက်က မန္တလေးမြို့ မြို့တော်ခန်းမတွင် ဂုဏ်ပြုပွဲအခမ်းအနားကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ နိုင်ငံတော်သမ္မတ တက်ရောက်ပြီး "စာပေပျောက်လျှင် လူမျိုးပါပျောက်သွားနိုင်သည့်အတွက် လူမျိုးမပျောက်အောင် စာပေတတ်မြောက်ရေးသည် အမျိုးသားရေး တာဝန်ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

နိုင်ငံနှင့်လူမျိုးမပျောက်အောင် ကျွန်ုပ်တို့ ထိုအမျိုးသားရေးတာဝန်ကို မဖြစ်မနေထမ်းဆောင်ကြရပါမည်။ နိုင်ငံတည်ငြိမ်ရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများပါဝင်လာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး၊ ပြည်သူများ၏ လူမှုဘဝအဆင့်အတန်းမြင့်မားရေး၊ ပြည်သူကိုအခြေပြုသည့် အုပ်ချုပ်ရေးစနစ်ထွန်းကားရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေပါသည်။ အောင်မြင်မှုများရရှိခဲ့သလို မမျှော်လင့်သော အခက်အခဲများ၊ စိန်ခေါ်မှုများလည်း ရှိခဲ့ပါသည်။ ယင်းကို နိုင်ငံသားအားလုံး မှန်မှန်ကန်ကန်သိဖို့လိုမည်ဖြစ်ပါသည်။ မှန်မှန်ကန်ကန်သိနိုင်ရန်အတွက် နိုင်ငံသားအားလုံး စာတတ်ကြဖို့၊ စာဖတ်ကြဖို့လိုပါမည်။

စာပေကရသောအသိဖြင့် ချင့်ချိန်သုံးသပ် မှန်မှန်ကန်ကန်ဝေဖန်ဆုံးဖြတ်နိုင်ပါမည်။ နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်မှုအရာအားလုံးသည် ကျွန်ုပ်တို့နိုင်ငံသားအားလုံး၏ အရေးကိစ္စဖြစ်ပါသည်။ ထိုအရေးကိစ္စအားလုံးတို့ကို ဥပဒေဘောင်အတွင်းမှ ရယူဆောင်ရွက်နိုင်သည်ကို သိရှိကြရမည်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာမှုကို ပြည်သူတိုင်းက လိုလားပါသည်။ တိုင်းပြည်မတည်ငြိမ်လျှင် ပြည်သူပြည်သားများသာ ထိခိုက်နစ်နာမည်ကို သိရှိနိုင်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အမှား အမှန်၊ အကောင်း အဆိုးကို ယနေ့တည်ငြိမ်အေးချမ်းမှုမရှိသော နိုင်ငံများ၏ဖြစ်အင်များကို လေ့လာကြည့်လျှင် သိနိုင်မည်ဖြစ်ပါသည်။ ယင်းနိုင်ငံများ၏ နိုင်ငံရေးသင်ခန်းစာများကို ရယူပြီး ကျွန်ုပ်တို့နိုင်ငံတွင်လည်း အလားတူထိခိုက်နစ်နာမှုများမဖြစ်အောင် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ နိုင်ငံသားအားလုံး၏တာဝန်ဖြစ်ပါသည်။

ယခုကဲ့သို့ စာတတ်၊ စာဖတ်ရေးကိစ္စရပ်များသည် ပြည်သူများ၏ လိုအပ်ချက် တစ်စိတ်တစ်ပိုင်းဖြစ်သော်လည်း ပြည်သူများအသိအမြင်ပွင့်လင်းရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။ တိုင်းပြည်၏အနာဂတ်သည် ပြည်သူပြည်သားများနှင့် ယနေ့လူငယ်များ၏လက်ဝယ်တွင်ရှိသဖြင့် ပြည်သူကို မှန်ကန်သောအသိအမြင်များ ပေးကြရပေလိမ့်မည်။

ထိုသို့ပေးနိုင်အောင်လည်း ယခုကဲ့သို့ စာမတတ်သေးသူများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းသင်ကြားပေးသကဲ့သို့ စာမဖတ်သောသူများကိုလည်း စာဖတ်ခြင်းအလေ့အထရရှိအောင် ဝိုင်းဝန်းဖော်ဆောင်ပေးခြင်းဖြင့် ပြည်သူပြည်သားအားလုံး မှန်ကန်သော အသိအမြင်များရရှိ၍ ပြည်သူများမျှော်လင့်သည့် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ။

# မြန်မာနိုင်ငံတွင်း ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေးနှင့် သာတူညီမျှ သာယာဝပြောမှုမြှင့်တင်ရေးအတွက် စနစ်တကျနိုင်ငံသရုပ်ခွဲခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၆**

မြန်မာနိုင်ငံတွင်း ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေးနှင့် သာတူညီမျှသာယာဝပြောမှု မြှင့်တင်ရေးအတွက် စနစ်တကျနိုင်ငံသရုပ်ခွဲခြင်းဆိုင်ရာ အစည်းအဝေးကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အစီအစဉ်ဖြင့် မေ ၁၆ ရက်တွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ**(အပေါ်ပုံ)** ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ကမ္ဘာ့ဘဏ်အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Mr. Axel van Trotsenburg တို့က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးအား မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအဆုံးသတ်ရေးနှင့် သာတူညီမျှသာယာဝပြောမှု မြှင့်တင်ရေးအတွက် နည်းလမ်းများ၊ ဦးစားပေးအစီအစဉ်များ သတ်မှတ်ဖော်ဆောင်နိုင်ရန် မြန်မာအစိုးရ တာဝန်ရှိသူများနှင့် ကမ္ဘာ့ဘဏ်မှပညာရှင်များ ညှိနှိုင်းဆွေးနွေး အဖြေရှာရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးတွင် ကမ္ဘာ့ဘဏ်မှ ဝါရင့်စီးပွားရေးပညာရှင် Mr. Khwima Nthara က မြန်မာနိုင်ငံအတွက် စနစ်တကျနိုင်ငံသရုပ်ခွဲခြင်း ခေါင်းစဉ်ဖြင့် မိနစ်၃၀ ကြာ တင်ပြဆွေးနွေးမှုတစ်ရပ်ကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၂၅၀၀ | - | ၆၆၂၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၂၃၀၀ | - | ၆၆၂၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၃၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၆၃. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၂၀. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၄. ၅၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၂၉. ၆၄၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇. ၇၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၄၇. ၇၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၈၁၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၀၀. ၅၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၉. ၂၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်သည်။**(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များနှင့်အတူ မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ထို့နောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရုပ်ရှင်တော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ကြည်ညိုခဲ့သည်။

**(သတင်းစဉ်)**

# ပန်ကြားနှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၆) ကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံ ကျမ်းအစုံကို အာဂုံပြန်ဆိုခြင်း၊ ရေးသားဖြေဆိုခြင်းပြုတော်မူခဲ့ကြ၍ အောင်မြင်တော်မူခဲ့သည့် ပိဋကသုံးပုံ အာဂုံအောင် တစ်ပါး၊ ပိဋကနှစ်ပုံခွဲ ရေးဖြေအောင်တစ်ပါး၊ ပိဋက နှစ်ပုံခွဲ အာဂုံအောင် သုံးပါး၊ ပိဋကနှစ်ပုံ အာဂုံရေးဖြေအောင်တစ်ပါး၊ ပိဋက နှစ်ပုံ အာဂုံအောင် နှစ်ပါး၊ ပိဋကတစ်ပုံ အာဂုံ ရေးဖြေအောင်ခြောက်ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် ၁၅ ပါး၊ ဝိနည်းပထမပိုင်း အာဂုံရေးဖြေအောင် ခြောက်ပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ၄၃ ပါး စုစုပေါင်း သာသနဒ္ဓဇနည် စာအောင်သံဃာတော် ၇၈ ပါးတို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို မေ ၂၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် သာသနဒ္ဓဇနည် စာအောင်သံဃာတော် ၇၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုပါက (၁၆-၅-၂၀၁၄) ရက်နေ့မှ (၂၃-၅-၂၀၁၄) ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁။ ဒေါက်တာမြင့်သိန်း တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း ၀၉-၈၆၀၂၄၂၇၊ ၀၁-၂၃၀၀၂၁၃

၂။ ဦးအောင်ကျော်စိုး ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း ၀၉-၄၉၂၀၆၈၆၂၊ ၀၁-၂၁၁၃၇၂

၃။ ဦးသိန်းဝင်း ညွှန်ကြားရေးမှူး(စာမေးပွဲဌာနခွဲ)သာသနာရေးဝန်ကြီးဌာန ကမ္ဘာအေးကုန်းမြေ ဖုန်း ၀၉-၇၃၀၅၇၉၁၁၊၀၁-၆၆၀၂၆၉

၄။ ဦးစိန်မော် ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး သာသနာရေးဝန်ကြီးဌာန(ရန်ကုန် ရုံးခွဲ) ၀၉-၈၆၀၂၁၆၃၊ ၀၉-၈၇၂၅၄၀၆၊၀၁-၆၆၅၅၂၉

# အများပြည်သူသို့အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ လှိုင်သာယာပင်မဓာတ်အားခွဲရုံတွင် ၃၃ ကေဗွီ လှိုင်သာယာ- ထန်းတပင် ဓာတ်အားလိုင်းသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် (၁၈-၅-၂၀၁၄) ရက်နေ့ (၁၁း၀၀) နာရီမှစတင်၍ (၁၄း၀၀)နာရီအထိ ဓာတ်အားပိတ်၍ ဓာတ်အားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ၁၈-၅-၂၀၁၄ ရက်နေ့ (၁၁း၀၀) နာရီမှစတင်၍ (၁၄း၀၀) နာရီအထိ လှိုင်သာယာ၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ အေးရွာ၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များတွင် ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါ၍ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေး အခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့အသိပေးပန်ကြားအပ်ပါသည်။

**(ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၁၇-၅-၂၀၁၄ (စနေနေ့)**

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၈း၀၀ | Cartoon Series (GoGo Giggles) |
| ၈း၃၅ | Kid's Show |
| ၂း၂၀ | World Of Knowledge (Secret Military Report: Churchill German Army) |
| ၇း၁၀ | လျှပ်တစ်ပြက်မန္တလေး |
| ၇း၃၅ | Fashion Week (Designer May Oo Maung) (Part-3) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၁၅ | Hight School Queen Oramin-F 2014 |
| ၂း၂၅ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၂၅ | လီဆူးသဘာဝရိုးရာအလှ |

# သန်းခေါင်စာရင်းမေးခွန်းပုံစံများ စနစ်တကျထိန်းသိမ်းထားရှိ

**နေပြည်တော် မေ ၁၆**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ ရက် နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန၏စတိုခန်းများအတွင်း သန်းခေါင်စာရင်း မေးခွန်းပုံစံများ စနစ်တကျထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သန်းခေါင်စာရင်း မေးခွန်းပုံစံများသည် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ၁၀ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့သည့် ပုံစံများဖြစ်ပြီး နိုင်ငံတစ်ဝန်းကောက်ကွက်ပေါင်း ၈၁၀၀၀ မှ မေးခွန်းပုံစံများအား တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ တစ်ဆင့် နေပြည်တော်ရုံးချုပ်သို့ ပို့ဆောင်အပ်နှံပြီးဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းမေးခွန်းပုံစံများအား တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်အလိုက် ဘင်းကတ်များရေးသွင်း၍ စနစ်တကျထားရှိရေး၊ ပိုးမွှားအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရေး၊လျှပ်စစ်နှင့်မီးသတ်ဌာနတို့မှ တာဝန်ရှိသူများအား ဖိတ်ကြားပြသ၍ အကြံဉာဏ်များရယူကာ စနစ်တကျဆောင်ရွက်ရေး၊ စတိုခန်းများလုံခြုံရေးနှင့် မမျှော်မှန်းနိုင်သော အန္တရာယ်များအတွက်ကြိုတင်မြော်တွေးကာ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် စီမံဆောင်ရွက်ကြရေး တာဝန်ရှိသူများအား မှာကြားပြီး သန်းခေါင်စာရင်းမေးခွန်းပုံစံများအား ဖိုင်တင်စင်များဖြင့် စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့်ဝန်ထမ်းများက မေးခွန်းပုံစံများအား မြို့နယ်အလိုက် စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သန်းခေါင်စာရင်းမေးခွန်းပုံစံများအား Optical Mark Reader (OMR) စက်များဖြင့် Scan ဖတ်ယူမှတ်တမ်းသွင်းနေမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုရာ DRS Service Company Limited, Project Manager Ms. Ann Stewart-Bakerက လိုက်လံရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ကွန်ပျူတာခန်းအတွင်း၌ Scan ဖတ်ယူမှတ်တမ်းသွင်းပြီး ထွက်ရှိလာသည့် ဂဏန်းသင်္ကေတစာလုံးများစစ်ဆေးခြင်းနှင့် အမှားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ရှေ့ပြေးလူဦးရေစာရင်းထုတ်ပြန်နိုင်ရေးအတွက် ကောက်ကွက် လူဦးရေစာရင်းရေးသွင်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များမှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Cemsus Data Center အတွင်း Sever တပ်ဆင် ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားပြီးနောက် DRS Service Company Limited မှတာဝန်ရှိသူများ၊ UNFPA မှ လူဦးရေပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

နေပြည်တော်ရုံးချုပ်သို့ရောက်ရှိပြီးဖြစ်သော သန်းခေါင်စာရင်းမေးခွန်းပုံစံများအား OMR စက် ရှစ်လုံးဖြင့် စာရင်းဇယားများမှတ်တမ်းသွင်းဖတ်ယူဆောင်ရွက်လျက်ရှိပြီး စာရင်းဇယားများ စစ်ဆေးခြင်းလုပ်ငန်းများအား အင်္ဂလန်၊ နယ်သာလန်၊ ကင်ညာနှင့် မာလာဝီနိုင်ငံတို့မှ သန်းခေါင်စာရင်းပညာရှင်များနှင့် ပေါင်းစပ်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူဦးရေစာရင်းဇယား အချက်အလက်များ သတ်မှတ်ကာလအတွင်း အချိန်မီ စာရင်းပြုစု ထုတ်ပြန်နိုင်ရေးအတွက် ရုံးချုပ်ရှိဝန်ထမ်းများက နေ့ဆိုင်း၊ ညဆိုင်းခွဲကာ လုပ်ငန်းများအရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယ အထွေထွေရွေးကောက်ပွဲ၌ မိုဒီ၏ပါတီ အောင်ပွဲခံ

ဘီဂျေပီပါတီ ထောက်ခံသူများအောင်ပွဲခံကြစဉ်။

**နယူးဒေလီ မေ ၁၆**

အိန္ဒိယနိုင်ငံ၌ ရက်သတ္တပါတ်ကြာကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံဟိန္ဒူအမျိုးသားရေးဝါဒီ ဘရာတိယဂျနာတာပါတီ(ဘီဂျေပီ)နှင့် ယင်းပါတီခေါင်းဆောင် နာရင်ဒရာမိုဒီတို့ ထောက်ခံမဲအပြတ်အသတ်ရရှိကာ အောင်ပွဲခံရန်သေချာကြောင်း ရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက မေ ၁၆ ရက်တွင် ပြောကြားသည်။

မိုဒီ၏ ဘရာတိယဂျနာတာပါတီသည် အခြားပါတီတစ်ပါတီနှင့် ညွန့်ပေါင်းဖွဲ့စည်းရန်မလိုဘဲ မိမိပါတီတစ်ပါတီတည်းဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်လောက်သည့် အမတ်နေရာအရေအတွက်ကို အလုံအလောက်ရရှိမည်ဟု မျှော်လင့်ရကြောင်း ပဏာမမဲရလဒ်ကို ကိုးကားလျက် ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများက ပြောကြားသည်။

ဘီဂျေပီပါတီဦးဆောင်သော မဟာမိတ်အဖွဲ့က အမတ်နေရာ ၅၄၃ နေရာရှိ ပါလီမန်တွင် အမတ်နေရာ ၃၃၆ နေရာရရှိထားရာ တစ်ပါတီတည်းဖြင့် အစိုးရဖွဲ့စည်းခွင့်ရှိမည့် အမတ်နေရာ ၂၇၂ နေရာထက်များစွာ ကျော်လွန်လျက်ရှိကြောင်း တာဝန်ရှိသူများကပြောကြားသည်။

**ရိုက်တာ။**

## ကာလီဖိုးနီးယားတောင်ပိုင်း၌ တောမီးများ လောင်ကျွမ်း

**ဝါရှင်တန် မေ ၁၆**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် တောင်ပိုင်းဒေသ၌ တောမီးလောင်မှုဖြစ်ပွားရာ နေအိမ်အလုံးပေါင်း ၃၀ ထက်မနည်း ပြာကျခဲ့ရပြီး ဒေသခံပြည်သူ ထောင်ပေါင်းများစွာမှာ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆိုးရွားသော မိုးခေါင်မှုနှင့်အတူ အပူချိန်မြင့်တက်ကာ လေပြင်းတိုက်ခတ်မှုကြောင့် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ရသည်။ မေ ၁၅ ရက် နံနက်မှစ၍ ကာလီဖိုးနီးယားပြည်နယ် ကားလ်စ်ဘက်မြို့အနီး တောမီးစတင်လောင်ကျွမ်းခဲ့ပြီး အနီးရှိ မြို့ငယ်အများအပြားမှာ မီးဘေးအန္တရာယ် ခြိမ်းခြောက်ခံနေရသည်။

မီးဘေးအန္တရာယ် စိုးရိမ်ရမှုကြောင့် ကျောင်းသူ၊ ကျောင်းသား ၁၀၀၀၀ ခန့် တက်ရောက်နေသော ဆန်ဒီဂိုခရိုင်ကောလိပ်နှင့် မရိန်းတပ်ဖွဲ့ အခြေစိုက်စခန်းတစ်ခုဖြစ်သည့် ပန်ဒလေတန်စခန်းတို့တွင် ရှိနေသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ကာလီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့သည်။

**ပီတီအိုင်။**

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဘရာဇီးတွင် ဖြစ်ပွား

**ဆွာပေါ်လို မေ ၁၆**

ဘရာဇီးနိုင်ငံတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့်အတွက် ကုန်ကျစရိတ်များကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် ဆွာပေါ်လိုမြို့နှင့် ရီယိုဒီဂျနေရိုးမြို့များ၌ ထောင်ပေါင်းများစွာသော ဆန္ဒပြသူများက ချီတက်ကြရာ အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွဲခဲ့ကြောင်း သောကြာနေ့ ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အချို့သော ဆန္ဒပြသူများက တာယာများကို မီးရှို့၍ လမ်းများကိုပိတ်ဆို့ထားကြပြီး အချို့က ရဲတပ်ဖွဲ့ဝင်များကို ခဲများဖြင့် ပစ်ကြသည်။

ပြည်သူလူထုအတွက် အိမ်ရာ စီမံကိန်းများ၊ လူမှုရေးစီမံကိန်းများတွင် အသုံးမပြုဘဲ လာမည့်လတွင် ကျင်းပမည့် ဘောလုံးပွဲအတွက် ဒေါ်လာဘီလီယံပေါင်း များစွာကို အသုံးပြုနေခြင်းအပေါ် ၎င်းတို့က ဒေါ်လာထွက်ခြင်းဖြစ်ကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

ဆန္ဒပြပွဲများမှာ မြို့တော် ဘရာဇီးလီးယား အပါအဝင် အခြားသော မြို့များအထိ ဖြစ်ပွားလာခဲ့သည်။

ကျောင်းဆရာများနှင့် အစိုးရဝန်ထမ်းများကလည်း နိုင်ငံတစ်ဝန်းတွင် သပိတ်မှောက်ကြသည်။

အဓိကရုဏ်း နှိမ်နင်းရေးရဲတပ်ဖွဲ့က ဆန္ဒပြသူများကို ဖြိုခွဲမှုမပြုမီ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့ကြသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဇွန် ၁၂ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**ဘီဘီစီ။**

## သံလိုက်အားသုံး ရှပ်ပြေးရထား တောင်ကိုရီးယား၌ စမ်းသပ်ခုတ်မောင်း

အင်ချွန် မေ ၁၆

**တောင်ကိုရီးယားနိုင်ငံ၌ ပထမဆုံးအကြိမ် ပြည်တွင်း၌ ထုတ်လုပ်သော မဂ္ဂလက်ဗ်(ခေါ်)သံလိုက်အားသုံး ရှပ်ပြေးရထား စမ်းသပ်ခုတ်မောင်းသည့် အခမ်းအနားကို ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။**

သံလိုက်အားသုံး ရှပ်ပြေးရထားကို မြို့ပြဒေသခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုမည်ဖြစ်ပြီး ဇူလိုင်လလယ်မှစ၍ ခရီးစဉ်များ စတင်ရန် စီစဉ်ထားသည်။

တစ်နာရီလျှင်အမြင့်ဆုံး ၁၁၀ကီလိုမီတာနှုန်းဖြင့် ခုတ်မောင်းနိုင်သော သံလိုက်အားသုံး ရှပ်ပြေးရထား စမ်းသပ် ခုတ်မောင်းသည့် အခမ်းအနားကို အင်ချွန်မြို့၌ မေ ၁၄ ရက်က ကျင်းပခဲ့သည်။ အင်ချွန် နိုင်ငံတကာလေဆိပ်မှ မြို့လယ်ရှိ ယွန်းယုရပ်ကွက်သို့ ဆက်သွယ်ထားသော ၆ဒသမ၁ကီလိုမီတာ အရှည်ရှိ သံလမ်းတွင် စမ်းသပ်ခုတ်မောင်းခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ အင်ချွန်မြို့၌ သံလိုက်အားသုံး ရှပ်ပြေးရထား စမ်းသပ်ခုတ်မောင်းစဉ်။

သံလိုက်အားသုံး ရှပ်ပြေးရထားသည် ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီမှုရှိသည်ဟု သက်သေခံလက်မှတ် ရရှိခဲ့သည်။

သံလိုက်အားသုံး ရှပ်ပြေးရထားသည် သံလိုက်စွမ်းအားကို အသုံးပြု၍ အထူး တည်ဆောက်ထားသော သံလမ်းများ အထက်တွင် ပင့်တင်ကာ ခုတ်မောင်းနိုင်သဖြင့် ပွတ်တိုက်မှု မရှိခြင်း၊ ဆူညံသံ အလွန့်အလွန် နည်းပါးခြင်း၊ တုန်ခါမှုမရှိခြင်းစသည့် ကောင်းမြတ်သော စွမ်းပကားရှိကြောင်း ယင်းရထားကိုတည်ဆောက်ခဲ့သည့် ဟွန်ဒိုင်း-ရိုတမ်ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ် ဟန်ကျူဝမ်က ပြောကြားသည်။

ရထားခုတ်မောင်းရာတွင် အကွေ့လွယ်ကူအောင် တပ်ဆင်ထားသော ဘိုဂီများ ပါရှိသဖြင့် လမ်းချော်ခြင်းနှင့် တိမ်းမှောက်ခြင်း ဘေးအန္တရာယ်မှ ကာကွယ်ပေးထားကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

## တောင်တရုတ်ပင်လယ်တွင် ရေနံတူးဖော်ရေးလုပ်ငန်း ဆက်လက်လုပ်ဆောင်မည်ဟု တရုတ်ပြောကြား

**ဝါရှင်တန် မေ ၁၆**

ဗီယက်နမ်နိုင်ငံတွင် လူသေဆုံးရသည်အထိ တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်းများ ဖြစ်နေလင့်ကစား တောင်တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော ရေပြင်၌ ရေနံတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေခြင်းကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ပေကျင်းအနေဖြင့် ပိုင်နက်နယ်မြေတစ်လက်မကိုမျှ ဆုံးရှုံးခံမည်မဟုတ်ကြောင်း ထိပ်တန်းဗိုလ်ချုပ်ကြီးဖန်ဖန်ဟွေက ထုတ်ဖော်ပြောဆိုကာ ဒေသအတွင်း မတည်မငြိမ်ဖြစ်စေရန် ဟန်ွိုင်းက လှုံ့ဆော်နေသည်ဟုအပြစ်တင်စကား ဆိုသည်။

အမေရိကန် ပြည်ထောင်စုက အာရှအပေါ် အာရုံစူးစိုက်မှု ပိုမိုမြှင့်တင်ရန်ကြိုးစားလာခြင်းသည် ဒေသတွင်း တင်းမာမှုကို အရှိန်အဟုန်မြှင့်တင်ပေးသကဲ့သို့ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးက ဝါရှင်တန်၌ သတိပေးပြောကြားခဲ့သည်။

အငြင်းပွားရေပြင်အတွင်း တည်ဆောက်ထားသော ရေနံတူးစင်ကို တွေ့ရစဉ်။

ဗိုလ်ချုပ်ကြီးဖန်ဖန်ဟွေသည်အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့သို့ အလည်အပတ် ရောက်ရှိလျက်ရှိပြီး ရောက်ရှိနေစဉ် ယင်းသို့ ၎င်း၏ သဘောထား ထုတ်ဖော်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

**ဘီဘီစီ။**

## စက်မှုလုပ်ငန်းဆိုင်ရာ မတော်တဆဖြစ်မှုကို မကျေနပ်၍ တူရကီမြို့ကြီးများ၌ အစိုးရအား ဆန့်ကျင်ဆန္ဒပြ

ဆိုမာ မေ ၁၆

**တူရကီနိုင်ငံရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ပေါက်ကွဲမီးလောင်မှုကြောင့် မိုင်းလုပ်သား ၂၈၃ ဦးထက်မနည်းသေဆုံးရသည့် ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် ယင်းနိုင်ငံရှိ မြို့ကြီးများတွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။**

တူရကီနိုင်ငံအနောက်ပိုင်း မာနီဆာပြည်နယ် ဆိုမာမြို့အနီးရှိ ကျောက်မီးသွေးတွင်း၌ ဖြစ်ပွားခဲ့သော ပေါက်ကွဲမီးလောင်မှုသည် နိုင်ငံသမိုင်းတွင် စက်မှုလုပ်ငန်းဆိုင်ရာ အဆိုးရွားဆုံးသော မတော်တဆမှုတစ်ရပ်ဖြစ်သည်။ ဆိုမာမြို့သည် အစ္စတန်ဘူလ်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၄၈၀(မိုင် ၃၀၀)အကွာတွင်တည်ရှိသည်။

ဆိုမာမြို့၌ ဒေါသထွက်နေသော ပြည်သူများက ဒေသဆိုင်ရာပါတီရုံးသို့ စုဝေးရောက်ရှိလာခဲ့ကြပြီး ကန့်ကွက်ဆန္ဒပြကြသည်။

ဝန်ကြီးချုပ် တေယစ်အာဒိုဂန်၏ တရားမျှတမှုနှင့် ဖွံ့ဖြိုးရေးပါတီက ဒေသန္တရရွေးကောက်ပွဲများတွင် အောင်ပွဲခံခဲ့ပြီးနောက် ရက်သတ္တခြောက်ပတ်အကြာတွင် ပြည်သူတို့၏ ဒေါသလှိုင်းတံပိုးပြင်းထန်မှုနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။

အဆိုပါ ကျောက်မီးသွေးတွင်းကို စီမံခန့်ခွဲနေသော ကုမ္ပဏီ၏ ဌာနချုပ်တည်ရာ အစ္စတန်ဘူလ်မြို့၌လည်း မိုင်းလုပ်သားများအပါအဝင် ပြည်သူများဆန္ဒပြခဲ့ကြသည်။

မြေအောက်ရထားလုပ်ငန်းဝန်ထမ်းများကလည်း သေဆုံးခဲ့ရသော မိုင်းလုပ်သားများအတွက် စာနာကြောင်း ပြသသည့်အနေဖြင့် ဘူတာရုံစကြံပေါ်တွင် လူသေကဲ့သို့ လဲလျောင်းကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အန်ကာရာမြို့၌လည်း ဒေါသထွက်နေသော ပြည်သူများက စွမ်းအင်ဝန်ကြီးဌာန ရုံးအဆောက်အအုံတည်ရှိရာသို့ စုဝေးချီတက်ဆန္ဒပြကြရာ ရဲတပ်ဖွဲ့က လူစုခွဲရသည်။

ဝန်ကြီးချုပ် အာဒိုဂန်သည် မိုင်းတွင်းမတော်တဆမှု ပေါ်ပေါက်ခဲ့ပြီးနောက် အယ်လ်ဘေးနီးယားနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်ကို ဖျက်သိမ်းခဲ့သည်။

တူရကီနိုင်ငံသည် ဆယ်စုနှစ်တာကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားခဲ့သော်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ဆိုင်ရာ စံချိန်စံညွှန်းနိမ့်ကျသည့်နိုင်ငံအဖြစ် စက်မှုလုပ်ငန်းဆိုင်ရာမတော်တဆမှုဖြစ်ရပ်ကထင်ဟပ်နေကြောင်း အတိုက်အခံများက ပြောကြားကြသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဒုတိယအကြိမ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဒုတိယအကြိမ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က မဲဆန္ဒရှင် စာရင်းပြုစုခြင်းလုပ်ငန်းစဉ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချမှတ်ထားသောနည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွှေ့ပြောင်းစီမံကိန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးဝင်းကြည်နှင့် ဦးဝင်းကိုတို့က ပြန်လည် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မဲဆန္ဒရှင်စာရင်းပြုစုခြင်းရွှေ့ပြောင်းစီမံချက်နှင့်မဲစာရင်းများကို ကွန်ပျူတာစနစ်နှင့် အချက်အလက် ထည့်သွင်းခြင်း၊ ရွှေ့လုပ်ငန်းစဉ်များကို လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် ရွှေ့ပြောင်းစီမံချက်ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းမှုဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆက်လက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများက မဲဆန္ဒရှင် ပညာပေးခြင်းဆိုင်ရာ အားသာချက်များ၊ အတားအဆီးများနှင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွှေ့ပြောင်းစီမံချက် လုပ်ငန်းစဉ်များကို စောင့်ကြည့်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့ခွဲကာ ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကိုနှင့် ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း ၄၀ နှင့် INGO ခုနစ်ဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နော်ဝေနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၁၇**

၂၀၁၄ ခုနှစ် မေ ၁၇ ရက်တွင် ကျရောက်သည့် နော်ဝေနိုင်ငံ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဘော့ဂ် ဘရန်ဒီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၇-၅-၂၀၁၄ (စနေနေ့)**

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | | သတင်း၊ မိုးလေဝသအခြေအနေ |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ | ၈း၃၅ | "သက်ဝင်လှုပ်ရှားသတင်း ပုံရိပ်များ ရည်ရွယ်ဦးတည် ပြည်သူ့ဆီ" |
| ၁၂း၃၀ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် | ၈း၄၅ | Business News |
| ၁း၅၀ | "ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း" | ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -ပျော်ရွှင်စေသောနေ့ရက်များ "ရင်ခုန်ကျွန်း" (အပိုင်း-၅) (မြင့်မြတ်၊ အေးမြတ်သူ [ဒါရိုက်တာ- မောင်မျိုးမင်း(ရင်တွင်းဖြစ်)] -ဂီတတံခါးလေးဖွင့်ပါဦး |
| ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ) | | |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာ | | |

# မကွေးတိုင်းဒေသကြီး စွမ်းအင်ဝန်ကြီးဌာန ချောက်ရေနံမြေဆေးရုံသို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၆**

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်တို့သည် မေ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောက်ရေနံမြေဆေးရုံ၌ ကျင်းပသော ချောက်ရေနံမြေနှင့် ရေနံချောင်း ရေနံမြေများတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံအခြေစိုက် Gold Petrol ကုမ္ပဏီက ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်ဇော်က ယခုအခါ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် Gold Petrol ကုမ္ပဏီ၏ နည်းပညာများ၊ တိုးတက်ခေတ်မီသော တွင်းတူးစက်များနှင့် တူးဖော်သည့်အတွက် သိသာထင်ရှားသည့် အောင်မြင်မှုများရရှိနေကြောင်းဖြင့် လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ချောက်မြို့နယ် ဒေသခံလူထုကိုယ်စား ဒေသလူမှုအကျိုးစီးပွားမြှင့်တင်နိုင်ရန်နှင့် လူမှုဘဝ တိုးတက်ရန် လှူဒါန်းခြင်းအပေါ် များစွာ ကျေးဇူးတင်ပါကြောင်းဖြင့် လည်းကောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်ဇော်က လှူဒါန်းပေးအပ်ခြင်းများအတွက် ဂုဏ်ပြုမှတ်တမ်းကို Gold Petrol ကုမ္ပဏီမှ တာဝန်ရှိသူအား ပေးအပ်ပြီး ဒေသခံပြည်သူကိုယ်စားလှယ် မြို့မိမြို့ဖများက တင်ပြဆွေးနွေးလာသော ချောက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ချောက်ရေနံမြေတွင်း အမှတ်(၁၁၈၆) တူးဖော်ခြင်းလုပ်ငန်းနှင့် တွင်းအမှတ်(၁၁၈၄) တူးဖော်ပြီး စီးထုတ်လုပ်နေမှုများနှင့် ရေနံမြေအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အခွန်ဆိုင်ရာ အသိပေးရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၁၆**

လှိုင်မြို့နယ် အထက(၁) ဘုရင့်နောင်ခန်းမ၌ မေ ၁၀ ရက်က ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အခွန်ဆိုင်ရာ ဥပဒေများပြင်ဆင်ခြင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးသည့် အခမ်းအနားကို ကျင်းပရာ လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မျိုးက အခွန်ဆိုင်ရာ ရှင်းလင်းချက်များကို ဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အခွန်ထမ်းပြည်သူများ တက်ရောက်ကြောင်းသိရသည်။

**(၅၄၃)**

# ၂၀၁၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအခြေအနေနှင့် မျှော်မှန်းလူ့သက်တမ်း

**ဂျီနီဗာ မေ ၁၆**

၂၀၁၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအခြေပြစာရင်းများအရ နေရာဒေသအလိုက် နေထိုင်ရာလူတို့သည် အသက်ရှည်စွာနေနိုင်ကြကြောင်း WHO က ထုတ်ပြန်ကြေညာသည်။ ပျမ်းမျှအားဖြင့် ကမ္ဘာတစ်ဝန်းတွင် မိန်းကလေးတစ်ဦးသည် ၂၀၁၂ ခုနှစ်တွင် မွေးဖွားပါက အသက် (၇၃) နှစ်၊ ယောကျ်ားလေးတစ်ဦးသည် အသက် (၆၈)နှစ်ထိ အသက်ရှည်ကြာနေနိုင်သည်ဟု မျှော်မှန်းထားသည်။ ၁၉၉၀ ခုနှစ်မွေးဖွားသည့်ကလေးများထက် မျှော်မှန်းသက်တမ်းခြောက်နှစ်တာမျှ ပိုရှည်စွာနေနိုင်ကြောင်း ဖော်ပြထားသည်။

**(သန့်ဇင်ဝင်း)**

# ရန်ကုန် – မန္တလေး အမြန်လမ်းမ အန္တရာယ်ကင်းစေဖို့

ကျော်ကျော်လှိုင်
(SMART)

မေ ၄ ရက်(တနင်္ဂနွေနေ့)ညနေတွင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် Sunday Talk ကဏ္ဍမှ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုများ လျော့နည်းအောင် ချက်ချင်း လုပ်ဆောင်သင့်သည့်အချက်များ၊ အချိန်ယူလုပ်ဆောင်သင့်သည့်အချက်များကို ဆရာမျိုးမြတ်သူနှင့်ကျွန်တော် ဆွေးနွေးခဲ့ပါသည်။

ရှစ်ရက်အကြာ မေ ၁၂ ရက်(တနင်္လာနေ့)ညက နေပြည်တော်မှ ထွက်လာသော ရာဇာမင်း Express ကားသည် မိုင်တိုင်အမှတ် (၁၉၇/၆)ကို စတင်တိုက်မိပြီး ဝက်လက်မီးရထားခုံးကျော်တံတားထိပ်ကို ထပ်မံတိုက်မိကာ တံတားအောက်သို့ ထိုးကျတိမ်းမှောက်ခဲ့သောကြောင့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီးလေးဦးသည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့သည်။ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦးတွင် ဒဏ်ရာရရှိခဲ့သည်။ ဤသတင်းကို ကြားသိရသဖြင့် သေဆုံးသူများနှင့် မိသားစုများအတွက် များစွာကြေကွဲဝမ်းနည်းရပါသည်။

ဒဏ်ရာ ရရှိသူများအတွက်လည်း အထူးစိတ်မကောင်းဖြစ်မိပါသည်။ ယာဉ်တိုက်မှုများဖြစ်သောအခါ တန်ဖိုးမဖြတ်နိုင်သောအသက်များဆုံးရှုံးရသည့်အပြင် သေဆုံးသူသည် မိသားစုအတွက် ဝင်ငွေရှာပေးနေသူဖြစ်ပါက မိသားစု၏လူမှုရေးဆုံးရှုံးမှုများသည် ရှောင်လွှဲမရသည့် နောက်ဆက်တွဲအကျိုးဆက်များဖြစ်ပါသည်။ သေဆုံးသူသည် နိုင်ငံတော်အတွက် အရေးကြီးသောတာဝန်များကို ထမ်းဆောင်နေသူဖြစ်ခဲ့လျှင် နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်လာပါသည်။ ထို့ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုများလျော့နည်းသွားစေရန် လုပ်ဆောင်သင့်သည့်အချက်အချို့ကို အကြံပြုတင်ပြလိုပါသည်။

အကြံပြုတင်ပြလိုသည့် ပထမဆုံးအချက်မှာ ရန်ကုန်-မန္တလေးလမ်းပေါ် ယာဉ်အမြန်နှုန်းသတ်မှတ်ချက် တစ်နာရီ ကီလိုမီတာ ၁၀၀ သည် များနေပါသည်။ ကီလိုမီတာ ၁၀၀ အမြန်နှုန်းသည် တစ်နာရီလျှင် ၆၂ ဒသမ ၅ မိုင်နှင့် ညီမျှပါသည်။ အမေရိကန်နိုင်ငံကဲ့သို့ ခြောက်လမ်းသွား highway အဝေးပြေးလမ်းမကြီးများပေါ်တွင်ပင် ပြည်နယ်တော်တော်များများက အမြန်နှုန်းကို တစ်နာရီလျှင် မိုင် ၆၀ ကန့်သတ်ထားပါသည်။ အမြန်နှုန်းသတ်မှတ်ချက် တစ်နာရီ ကီလိုမီတာ ၁၀၀ သတ်မှတ်ထားလျှင် ယာဉ်မောင်းများက ၁၁၀/၁၂၀ လောက်မောင်းပါသည်။ ထို့ကြောင့် အမြန်နှုန်းကို တစ်နာရီကီလိုမီတာ ၈၀ သို့လျှော့ချသင့်ပါသည်။

ဒုတိယအချက်မှာ ကား၏ရှေ့မီးသည် Low Beam အနိမ့်အနေအထားတွင် ပေ ၁၆၀ မှ ၂၅၀ ထိသာမြင်ပါသည်။ High Beam အမြင့်အနေအထားတွင် ပေ ၃၅၀ မှ ၄၀၀ အထိ မြင်ပါသည်။ တစ်နာရီ မိုင် ၆၀ ဖြင့် မောင်းလာသောကားသည် ဘရိတ်အုပ်သည့်အခါ လုံးဝရပ်တန့်သွားရန် ပေ ၂၀၀ လိုပါသည်။ ညမောင်းသည့်အခါ အမြင်အာရုံကလည်း တစ်ဝက်ကျသွားသည့်အတွက် ညဘက်မောင်းခြင်းကို ကန့်သတ်သင့်ပါသည်။ အထူးသဖြင့် ခရီးသည်တင် Express ကားများ ညဘက်မောင်းခြင်းကို ကန့်သတ်သင့်ပါသည်။

နောက်တစ်ချက်မှာ Express ကားများကို မောင်းသူများသည် လူအများ၏ အသက်အန္တရာယ်ကို တာဝန်ယူထားရသူများဖြစ်သည်။ **ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ကောက်ယူထားသော စစ်တမ်းအရ Express ကား ယာဉ်မောင်းများ၏ ၃၇ ရာခိုင်နှုန်းသည် အလယ်တန်းအဆင့် ပညာအရည်အချင်းသာရှိသည်။** အတန်းပညာနည်းမှုသည် အသိပညာနည်းမှု၊ ဆင်ခြင်တုံတရားနည်းမှုတို့နှင့်တိုက်ရိုက်အချိုးကျသည်။ ခရီးသည်တင် Express ကားမောင်းခွင့် လိုင်စင်များကို ကြပ်ကြပ်မတ်မတ် စိစစ်ပြီးမှ အထူးလိုင်စင်များ ထုတ်ပေးသင့်သည်။ အန္တရာယ်ကင်းအောင် ယာဉ်မောင်းနည်းသင်တန်းများ Defensive Driving မီးသတ်ဆေးဘူး အသုံးပြုနည်း၊ ရှေးဦးသူနာပြုစုနည်းစသည့် သင်တန်းများ မကြာခဏ တက်ခိုင်းကာ Certificate များထုတ်ပေးသင့်သည်။ Certificate များ ပြည့်စုံမှသာ ခရီးသည်တင် Express ကားများကို မောင်းခွင့်အထူးလိုင်စင်များ ထုတ်ပေးသင့်သည်။

> မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနေသော အဖွဲ့အစည်း၊ Express ယာဉ်လိုင်းပိုင်ရှင်များနှင့် အမြန်လမ်းကြီးကြပ်မှုအဖွဲ့တို့တွင် ပိုမို၍တာဝန်ရှိပါသည်။
>
> လုပ်သင့်လုပ်ထိုက်သည့် စည်းကမ်းများ၊ ပြောင်းလဲမှုများ၊ အရေးယူမှုများကို မည်သူ့မျက်နှာမှမထောက်ဘဲ တိတိကျကျ ပြင်းပြင်းထန်ထန် အမြန်ဆုံးဆောင်ရွက်မှသာ . . .

စတုတ္ထအချက်မှာ ယနေ့ကမ္ဘာပေါ်တွင် Telematics နည်းပညာသည် ဖွံ့ဖြိုးနေသည်။ Telematics နည်းပညာဖြင့် ယာဉ်၏ အမြန်နှုန်း၊ ဘရိတ်အုပ်သည့် အနေအထား၊ (ဘရိတ်ကို ဖြည်းဖြည်းအုပ်သည်၊ ဆောင့်အုပ်သည်) ယာဉ်ရပ်သည့်အချိန်စသည်များကို မှတ်တမ်းတင်ထားနိုင်ပါသည်။ GPS, SIM Card တို့နှင့် ချိတ်ဆက်ထားလျှင် အချိန်နှင့်တစ်ပြေးညီပင် သိနိုင်သည်။ Express ကားများပေါ်တွင် တပ်ဆင်ထားခြင်းဖြင့် ကား၏အမြန်နှုန်းကို ခရီးစဉ်တစ်လျှောက်လုံးအတွက် မှတ်တမ်းတင်ထားနိုင်သည်။ **လေ့လာတွေ့ရှိချက်အရ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုအဖြစ်အများဆုံး၏ အဓိကအချက်မှာ မိမိအရှိန်ကိုမိမိမထိန်းနိုင်၍ဖြစ်ပါသည်။**

နောက်တစ်ချက်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် တံတားအဝင်များ၌ ယာဉ်တိုက်မှုများဖြစ်လေ့ရှိသည်။ ယာဉ်တိုက်မှုအများဆုံးဖြစ်တတ်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းကို ပို၍ ပြုလုပ်သင့်သည်။

ထို့အပြင် ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုအဖြစ်ဆုံးကားအမျိုးအစားမှာ Van များ၊ Landcruiser၊ Prado နှင့် Surf တို့ဖြစ်သည်။ ယနေ့ကားသစ်တော်တော်များများပေါ်တွင် အသက်ကယ်ခါးပတ်များပါရှိပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် အသက်ကယ်ခါးပတ်များ ဝတ်ဆင်၍ သွားလာကြရန် အသိပေးခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းတို့ကို လုပ်သင့်ပါသည်။ **လေ့လာတွေ့ရှိချက်များအရ ခါးပတ်ပတ်သည့် ဦးရေတစ်ရာခိုင်နှုန်းတိုးတိုင်း လူငါးဦး၏အသက်ကို ကယ်နိုင်ပါသည်။**

ဖြစ်နိုင်လျှင် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်ထိန်းရဲကားများကို ကီလိုမီတာ ၅၀ လျှင် တစ်စီးနှုန်းဖြင့် အမြန်နှုန်းကို စောင့်ကြပ်ခြင်း၊ စည်းကမ်းမဲ့သည့်မော်တော်ဆိုင်ကယ်၊ ထော်လာဂျီများကိုဖမ်းဆီးအရေးယူခြင်းများကို အမြန်ဆုံးဆောင်ရွက်သင့်သည်။

နောက်တစ်ချက်မှာ ကုန်တင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်သော pick up ကားများ၊ Dyna ကားများကို ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ခရီးသည်တင်ဆောင်၍ မောင်းနှင်ခြင်းကို ခွင့်မပြုသင့်ပါ။ (အထူးသဖြင့် ဘုရားဖူးကားများသည် pick up ၏ အနောက်ဘက်၌ ခရီးသည်များ အပြည့်တင်ဆောင်၍ မောင်းနှင်လေ့ရှိပါသည်။) ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မစ်ဆူဘီရှီ pick up သည် ရန်ကုန်-နေပြည်တော် အမြန်လမ်းပေါ်၌ လမ်းဘေးရှိ အုတ်ခုံကိုတိုက်မိရာ တစ်ဦး သေ၍ ၁၄ ဦး ဒဏ်ရာရရှိသည်။

ထို့အပြင် တိုးဂိတ်များတွင် သော်လည်းကောင်း၊ သတ်မှတ်နေရာများတွင်သော်လည်းကောင်း ယာဉ်မောင်းများ အရက်သေစာ သောက်စားခြင်း ရှိ၊ မရှိကို alcohol tester များဖြင့် စောင့်ကြပ်စစ်ဆေးသင့်ပါသည်။ အထူးသဖြင့် ခရီးသည်တင် Express bus မောင်းသော ယာဉ်မောင်းများအား စစ်ဆေးသင့်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ တံတားတစ်စင်း၏ တံတားပေါင်ကို ယာဉ်တစ်စီး တိုက်မိစဉ်။

နောက်ဆုံးအချက် အနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်မောင်းများ အိပ်ရေးမဝခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းကြောင့်လည်း အိပ်ငိုက်ကာ ယာဉ်တိုက်မှုများဖြစ်လေ့ရှိပါသည်။ Express Car များ၏ယာဉ်မောင်းများသည် ယာဉ်မမောင်းမီ အိပ်ရေးဝအောင် အိပ်စက်ရန်၊ နှစ်နာရီမောင်းပြီးတိုင်း အနည်းဆုံး ၁၅ မိနစ်မှ မိနစ် ၃၀ အထိ အနားယူရန်တို့ကို ယာဉ်ပိုင်ရှင်များကလည်း ကြီးကြပ်စီစဉ်သင့်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ၁၀၇ ရက်အတွင်း ယာဉ်တိုက်မှုပေါင်း ၁၄၇ ကြိမ်ဖြစ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် တူညီသောအချိန်အပိုင်းအခြားအတွင်း ယာဉ်တိုက်မှု ၇၉ ကြိမ်သာဖြစ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ယာဉ်တိုက်မှု ၈၀ ရာခိုင်နှုန်း တိုးလာပါသည်။ ၂၀၁၄ ခုနှစ် ၁၀၇ ရက်အတွင်း ၅၉ ဦးသေဆုံးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၄၈ ဦးသာသေဆုံးခဲ့ပါသည်။ ဤကိန်းဂဏန်းများကို ကြည့်လျှင် ယာဉ်တိုက်မှုများသည် ၂၀၁၄ ခုနှစ်တွင် ပိုများလာသည့်ဘက်ကိုပြနေပါသည်။ မေ ၁၂ ရက်က ဖြစ်ပွားခဲ့သော ရာဇာမင်း Express ယာဉ်တိမ်းမှောက်မှုသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် လူသေမှုအများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းသွားပြီး တန်ဖိုးရှိလှသည့် လူ့အသက်များ မဆုံးရှုံးစေရန် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ခရီးသွားနေသူများနှင့် ယာဉ်မောင်းများတွင်လည်း တာဝန်ရှိပါသည်။ ခရီးသွားများက မဆင်မခြင်မောင်းနှင်မှုများနှင့် အန္တရာယ်ရှိနိုင်သည့် အခြေအနေများကို သတင်းပို့ တိုင်ကြားသင့်ပါသည်။ တိုင်ကြားလျှင် တာဝန်ရှိသူများကလည်း ထိထိရောက်ရောက် အရေးယူသင့်ပါသည်။ မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနေသော အဖွဲ့အစည်း၊ Express ယာဉ်လိုင်းပိုင်ရှင်များနှင့် အမြန်လမ်းကြီးကြပ်မှုအဖွဲ့တို့တွင် ပိုမို၍ တာဝန်ရှိပါသည်။ လုပ်သင့်လုပ်ထိုက်သည့် စည်းကမ်းများ၊ ပြောင်းလဲမှုများ၊ အရေးယူမှုများကိုမည်သူ့မျက်နှာမှမထောက်ဘဲ တိတိကျကျပြင်းပြင်းထန်ထန် အမြန်ဆုံးဆောင်ရွက်မှသာ အမြန်လမ်းမပေါ်တွင် အန္တရာယ်ကင်းစွာဖြင့် ပြည်သူများ သွားလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**(ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်ပတ်သက်သည့် ယာဉ်တိုက်မှု အချက်အလက်ကိန်းဂဏန်းများကို ပြုစုပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းထိန်းသိမ်းရေး အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်အား အထူးကျေးဇူးတင်ပါသည်။)**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၁၁၆/၂-၃) ကြားတွင် ယာဉ်တိုက်မှုဖြစ်၍ မီးလောင်ခဲ့သည်ကို တွေ့ရစဉ်။


သွေးလှူခြင်းသည် မွန်မြတ်သော ဒါနဖြစ်သည်

ပိုင်ရှင်မှတိုက်ရိုက်ရောင်းမည်
[illegible]
ကျယ်ဝန်း-(510) Ph:09-5053078

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ဗီယက်နမ်နိုင်ငံ၌ စက်မှုလုပ်ငန်းများလေ့လာ

**နေပြည်တော် မေ ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် နှစ်နိုင်ငံ စက်မှုလုပ်ငန်းများ ဆွေးနွေးရန်နှင့် စက်မှုလုပ်ငန်းများ လေ့လာရန် ဗီယက်နမ်နိုင်ငံသို့ မေ ၁၁ ရက်တွင် သွားရောက်ခဲ့သည်။ မေ ၁၂ ရက်တွင် ဟိုချီမင်းမြို့ရှိ Biti's ဖိနပ်စက်ရုံသို့ လေ့လာပြီး မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရန် ဆွေးနွေးသည်။ မေ ၁၃ ရက်တွင် ဟနွိုင်းမြို့ရှိ VINATEX အထည်ချုပ်လုပ်ငန်းရုံးချုပ်နှင့် Vietnam-STEEL သံမဏိလုပ်ငန်းရုံးချုပ်ရှိ ဥက္ကဋ္ဌများနှင့်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ဆွေးနွေးပြီး VINACHEM (Vietnam National Chemical Corporation) ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေးသည်။

ဆက်လက်၍ ဗီယက်နမ်ဝန်ကြီးချုပ် Mr. Nguyen Tan Dung အား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ သံမဏိနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုလုပ်ငန်းများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဗီယက်နမ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရာတွင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဗီယက်နမ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၄ ရက်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (BIDV)သို့ သွားရောက်ပြီး စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ Semi-Government ပိုင် SMIDB ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရန် MoU ရေးထိုးမည့် ကိစ္စများကို BIDV ဥက္ကဋ္ဌနှင့် ဆွေးနွေးကာ မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးလုပ်ကိုင်ကြမည့် ဗီယက်နမ် လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Vu Huy Hoang နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍရပ်များတွင် ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ယင်းနောက် ဗီယက်နမ် အင်ဂျင်နှင့် စက်မှုလယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်ရေး ကော်ပိုရေးရှင်း (VEAM) ကြီးကြပ်မှုအောက်ရှိ Thanh Hoa Car Production Factory သို့ သွားရောက်လေ့လာသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၅ ရက်တွင် ဟနွိုင်းမြို့ Quang Minh Industry Zone ရှိ ERESSON အဖျော်ယမကာနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံ၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ အဖျော်ယမကာနှင့် စားသောက်ကုန်များ ထုတ်လုပ်နေမှုများကို လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မေ ၁၆ ရက်က နော်ဝေနိုင်ငံ ထူထောင်သည့်နေ့ ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသည့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Ann Ollestad ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူလယ်သမားများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၁၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာရှိ ထန်းတပင် တောရဘုန်းတော်ကြီးကျောင်းတိုက်၌ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကိုဗဟိုပြု၍ အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းပြောကြားပြီး ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းကာရံရန် ပြည်ထောင်စုဝန်ကြီးနှင့် မိသားစုနှင့် အလှူရှင်များက အလှူငွေများ၊ ထန်းတပင်ကျေးရွာနှင့် ကြာပင်ကျေးရွာအတွက် စကိုင်းနက် ဂြိုဟ်တုရုပ်သံဖမ်းစက်တစ်လုံးစီ၊ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းအတွက် စကိုင်းနက် ဂြိုဟ်တုရုပ်သံဖမ်းစက်တစ်လုံးစီတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အောင်သုခကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းအတွက် စကိုင်းနက် ဂြိုဟ်တုရုပ်မြင်သံကြားစက် တစ်စုံစီကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး ဧက(၁၀၀) F1 မျိုးစေ့ထုတ်စိုက်ကွင်းနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတန်(၅၀၀)ဆံ့ အအေးခန်းစနစ်စက်ရုံ အဆောက်အအုံတည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ

## တတိယပွဲစဉ်နှင့် စတုတ္ထပွဲစဉ်အား နေရာပြောင်းလဲကျင်းပမည်

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အဆင့်မြင့်ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA) တို့မှ ကြီးမှူး၍ မြဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်နှင့် စတုတ္ထပွဲစဉ်တို့ကို ၂၀၁၄ ခုနှစ် ဇွန်လ ၁၉ ရက်မှ ၂၂ ရက်တွင် ပြင်ဦးလွင်ဂေါက်ကလပ် ပြင်ဦးလွင်တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၀ ရက်တွင် ရွှေမန်းတောင် ဂေါက်ကလပ် မန္တလေးမြို့တွင်လည်းကောင်း ကျင်းပရန် မူလကစီစဉ်ထားသည်။

သို့ရာတွင် ရွှေမန်းတောင်ဂေါက်ကွင်း ပြုပြင်မည်ဖြစ်သောကြောင့် ၂၀၁၄ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၂ရက်အထိ ကျင်းပမည့် တတိယပွဲစဉ်အား ရွှေမန်းတောင်ဂေါက်ကလပ် မန္တလေးမြို့သို့လည်းကောင်း ရွှေ့တိုးကျင်းပမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၇ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်တွင်ကျင်းပမည့် စတုတ္ထပွဲစဉ်အား ပြင်ဦးလွင်ဂေါက်ကလပ် ပြင်ဦးလွင်မြို့သို့လည်းကောင်း အသီးသီး ကွင်းများပြောင်းလဲကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများအား ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။

တတိယပွဲစဉ် (မန္တလေး) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေ ကန့်သတ်ထားသောကြောင့် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အားစိစစ်ရွေးချယ်သွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၀၈၀၁၁၂၊ ၀၉-၄၂၀၀၁၇၈၃၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာဆပ်ကော်မတီ ရှမ်းပြည်နယ်၌ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၆**

အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့်အတူ မေ ၁၅ ရက်နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ပြည်သူများနှင့်တွေ့ဆုံ၍ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကိစ္စများကို ဆွေးနွေးသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံး၌ ဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းနှင့် နောင်တရားမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲများတွင် အမျိုးသမီးများ အကြမ်းဖက်ခံရမှု၊ လူကုန်ကူးမှုကိစ္စများ၊ အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကလေးသူငယ်များ မူကြိုကျောင်းတွင် ပညာသင်ကြားနိုင်ရေးကိစ္စများ၊ အားကစား၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စများ၊ အမျိုးသမီးနှင့်ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စများ၊ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ ထောက်ပံ့မှုရရှိရေးဆိုင်ရာကိစ္စများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအရေးပေါ်

## ကျန်းမာရေးစောင့်ရှောက်မှု အားဖြည့်ရေးစည်းဝေး

**နေပြည်တော် မေ ၁၆**

အမျိုးသားအဆင့် အရေးပေါ်လူနာတင်ယာဉ်စနစ် ထူထောင်ရေးနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အားဖြည့်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက်တွင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် မြို့ချောင်းတိုက်နယ်ဆေးရုံနှင့် အလယ်ရွာတိုက်နယ်ဆေးရုံတို့ကို အရေးပေါ်ဆေးရုံများအဖြစ် သတ်မှတ်ကာ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အားဖြည့်ဆောင်ရွက်မည့်အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာလုပ်ငန်းများနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်မည့် အခြေအနေတို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

**❖ ရွှေဖုံးမှ**

မွေးမြူရေးလုပ်ငန်းပိုင်ရှင်ဒေါက်တာမိုးစည်သူသည် ဥစားကြက်မွေးမြူရေးလုပ်ငန်းကို ၁၉၉၆ ခုနှစ်မှ စတင်ခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ကျွန်းပင် ၁၀၀၀၊ သစ်မွှေးပင် ၁၀၅၀၀၊ အညွန့်စားဂေါ်ရခါးပင် ၁၅၀၀ အပါအဝင် ရာသီသီးနှံပင်များနှင့် စားသုံးပင်များကို စိုက်ပျိုးရောင်းချလျက်ရှိကြောင်းသိရသည်။

ကုန်ကျစရိတ်သက်သာပြီး ကျန်းမာရေးနှင့်ကိုက်ညီသော Organic သီးနှံများထုတ်လုပ်နိုင်သည့်အပြင် သဘာဝအခြေခံ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သည့် ပေါင်းစည်းလယ်ယာစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူတစ်ဦးဖြစ်ပြီး ဒေသဖွံ့ဖြိုးရေး၊ လူမှုရေးလုပ်ငန်းများတွင် ကိုယ်ရောစိတ်ပါ ပါဝင်ဆောင်ရွက်နေသူဒေါက်တာမိုးစည်သူအား ၂၀၁၄ ခုနှစ် နိုင်ငံတော် သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ဖြစ်သည့် မွေးမြူထုတ်လုပ်မှုထူးချွန်လူပုဂ္ဂိုလ်ဆုကို မေ ၃ ရက်က ချီးမြှင့်ခဲ့သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်(NPC)၏ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်(NPC)၏ အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ H.E. Mme Yan Junqi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးဇော်မြင့်ဖေ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ဆေးပညာသင်ကြားသူများအတွက် စားသောက်ဆိုင်ဖွင့်

**ရန်ကုန် မေ ၁၆**

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် မြန်မာ့ဆေးပညာလောကကို မြှင့်တင်ရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနေသည့် ဆေးတက္ကသိုလ်များကို အရည်အသွေးမြင့်မားအောင် လုပ်ဆောင်နေကြောင်း၊ သင်ကြားရေးစနစ်ပိုင်းက ကြိုးပမ်းဆောင်ရွက်နေသလို သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ၊ စာသင်ခန်းများလည်း ပြုပြင်ခြင်း၊ မွမ်းမံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်နေကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၈ နာရီတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၌ ကျင်းပသော စားသောက်ဆိုင်သစ် ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သော အဆင့်မီစားသောက်ဆိုင်ကြီးသည် ဆေးတက္ကသိုလ်(၁)အတွက် အကျိုးကျေးဇူးများစေမည်ဖြစ်ကြောင်း၊ ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအတွက် စိတ်အေးချမ်းသာစွာ စားသောက်နိုင်အောင် တစ်ထောင့်တစ်နေရာက အကျိုးပြုမည့် စားသောက်ဆိုင်သစ်ကြီး ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် အလှူရှင်တို့က စားသောက်ဆိုင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စားသောက်ဆိုင်သစ်အတွင်း ကြည့်ရှုသည်။

အဆိုပါ စားသောက်ဆိုင်သစ်ကို ဆေးတက္ကသိုလ်(၁)မှ ဘွဲ့ရ ဒေါက်တာအောင်ကျော်ဝင်းနှင့် ဒေါက်တာသက်သက်ခိုင် မိသားစုတို့က ငွေကျပ်သိန်းလေးထောင်ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ ကင်ဆာရောဂါထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ အစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ ကင်ဆာရောဂါထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ကဏ္ဍပေါင်းစုံမှ အဓိက ပါဝင်ပတ်သက်နေသူများကိုဖိတ်ခေါ်၍ ကျန်းမာရေးဦးစီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် ယခုအစည်းအဝေးကို ကျင်းပခြင်းမှ ရရှိလာသော ဆွေးနွေးတင်ပြချက်များသည် တစ်မျိုးသားလုံး ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး မြှင့်တင်ရေးအတွက် အဓိကကျစွာ ထိထိရောက်ရောက် အသုံးချနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းမြင့်တက်လာနိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်းသော အခြေခံအချက်များကို တင်ပြခြင်း၊ အုပ်စုဖွဲ့ဆွေးနွေးခြင်းနှင့် စုံညီဆွေးနွေးတင်ပြချက်များကို အတည်ပြုခြင်းတို့ ဆောင်ရွက်ကြမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် အစည်းအဝေးခန်းမ၌ ဆေးတက္ကသိုလ်(၁)ရန်ကုန် ဆေးပညာသင်ကြားရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇေယျာသီရိမြို့နယ်၌ အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၁၆**

နေပြည်တော် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာနှင့် ရှားစေးဖိုလ်ကျေးရွာ အခြေခံအိမ်တွင်းမှုသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စိမ်းစားပင်ကျေးရွာ အောင်မြေဘုံရတနာကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မန်းအောင်ငြိမ်းဖောင်ဒေးရှင်းနာယက ဒေါ်ခင်လေးသက်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က အမျိုးသမီးငယ်များ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများကိုရှင်းလင်းပြောကြားပြီး ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းသားများ ရွေးချယ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိမ်းစားပင်ကျေးရွာတွင် ဖွင့်လှစ်သော သင်တန်းတွင် ထူးချွန်ဆုရ မအေးသဥ္ဇာစိုး၊ ဒုတိယဆုရ မဝတ်ရည်ဆွေ၊ တတိယဆုရ မဝင်းစန္ဒာနှင့် ရှားစေးဖိုလ်ကျေးရွာတွင် ဖွင့်လှစ်သော သင်တန်းတွင် ထူးချွန်ဆုရ မစန္ဒာမိုး၊ ဒုတိယဆုရ မခင်ဝင်းဆွေ၊ တတိယဆုရ မခိုင်သင်းကြည်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသူ ၁၃၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မေ ၁၆ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ယင်းသင်တန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက တာဝန်ယူဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

## အခြေခံပညာကျောင်းများတွင် တိုးချဲ့နို့တိုက်ကျွေးရေးစီမံချက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၆**

နိုင်ငံတော်သမ္မတကြီးက အနာဂတ်လူငယ်များ ဉာဏ်ရည်မြင့်မားတိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန်အတွက် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းအား နိုင်ငံတော်စီမံကိန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်းဖြင့် ယနေ့ နံနက် ၁၁ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော အခြေခံပညာကျောင်းများတွင် တိုးချဲ့နို့တိုက်ကျွေးရေးစီမံချက် ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးခြင်းအား ၂၀၁၂ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် “ ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့” အခမ်းအနားဖြင့် စတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မူလတန်းကျောင်းသား ကျောင်းသူ ၃၀၀၀၀ အား နို့တိုက်ကျွေးခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက်မှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မိမိတို့ဝန်ကြီးဌာန ပူးပေါင်း၍ နေပြည်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးလေးခုတွင် နို့တိုက်ကျွေးရေးလုပ်ငန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အခြေခံပညာကျောင်းသား ကျောင်းသူများအား ကျောင်းဖွင့်ရက်တိုင်း နို့တိုက်ကျွေးခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အပါအဝင် သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးရေးစီမံကိန်းတွင် Tetra Pak ကုမ္ပဏီ၊ South and South East Asia ကုမ္ပဏီနှင့် CP Meiji ကုမ္ပဏီတို့မှ UHT Milk များဖြင့်လည်းကောင်း၊ Nestle ကုမ္ပဏီနှင့် Alliance Star Engineering ကုမ္ပဏီတို့မှလည်း ပေါင်းတင်ပြီးနို့ (Pasteurized Milk )များဖြင့်လည်းကောင်း ပူးပေါင်းပါဝင်၍ လှူဒါန်းတိုက်ကျွေးခဲ့ပါကြောင်း။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးစီမံချက်ဆောင်ရွက်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးတို့တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်၍ UHT Milk အစား နို့စားနွားမွေးမြူပြီး ပေါင်းခံနွားနို့ဖြင့် ကျောင်းသား ကျောင်းသူ ၄၇၀၀၀ အား နို့တိုက်ကျွေးသွားမည်ဖြစ်ပြီး ကချင်၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း နို့တိုက်ကျွေးရေးအတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားများဖြင့် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အလှူရှင်များပူးပေါင်းပြီး စီမံကိန်းဖြစ်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် နို့ပေါင်းစက်များအား ပြည်ပနိုင်ငံများမှ မှာယူပြီး လိုအပ်သော ပြည်နယ်/တိုင်းဒေသကြီးများသို့ ဖြန့်ဖြူးရန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကနို့ပြုပြင်ထုတ်လုပ်ရောင်းချသူများအတွက်လည်း နို့ပေါင်းစက်များအား မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်များတွင် နို့တိုက်ကျွေးမည့်အစီအမံများ ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လက်ရှိနို့တိုက်ကျွေးရေးစီမံကိန်း ဆောင်ရွက်လျက်ရှိသော နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တာဝန်ရှိသူများက စီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ နို့တိုက်ကျွေးရေးစီမံကိန်း တိုးချဲ့ဆောင်ရွက်မည့် ကချင်၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တာဝန်ရှိသူများက နို့တိုက်ကျွေးရေးဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုးချဲ့နို့တိုက်ကျွေးရေးစီမံကိန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် အလှူရှင်များ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက နို့တိုက်ကျွေးရေးစီမံကိန်းတွင် ပါဝင်လှူဒါန်း နို့တိုက်ကျွေးမည့် အစီအစဉ်များအား ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် နယူးဇီလန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မေ ၁၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် နယူးဇီလန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးနေဝင်းထွန်းနှင့် ဒေါ်နန်းနီနီအေး၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးကံညွန့်၊ ဦးတင်ရှုန်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ဝင်များအား အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## အရွယ်ရင့်နွမ်းသူတို့ရင်ဝယ် ပြန်လည်ပွင့်လန်းလာသည့် ပန်းကလေးများ

**ရန်ကြီးအောင်**

“ငယ်ငယ်က လေးတန်းထိတော့ နေဖူးပါတယ်။ စာဖတ်လို့ရပေမယ့် အဖတ်နှေးတာပေါ့။ အခုတော့ စာကို သွက်သွက်လက်လက် ဖတ်တတ်သွားပါပြီ”ဟု မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ချောင်းပတ်ကျေးရွာမှ အသက်(၂၉)နှစ်အရွယ်ရှိ မထက်ထက်အောင်က ပြောပြသည်။ ၎င်းမှာ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအရ ဖွင့်လှစ်ခဲ့သည့် ကျေးရွာစာသင်ဝိုင်းသို့ တက်ရောက်သင်ကြားခဲ့သူဖြစ်သည်။ ၎င်းအနေဖြင့် စတုတ္ထတန်းအထိ သင်ခဲ့ရသည်ဆိုသော်လည်း ကျောင်းကို တက်တစ်ဝက်၊ ပျက်တစ်ဝက်ဖြင့်သာ တက်ခဲ့ရသည်။ ထို့နောက် ငယ်ရွယ်စဉ်မှာပင် အိမ်ထောင်ကျခဲ့ပြီး နေ့စားအလုပ်သမားဘဝဖြင့် ကျင်လည်နေရသည်။ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ လုံးပန်းနေရသဖြင့် စာဖတ်ရန်အချိန်မရ၊ ရွာသို့ လာရောက် ဖွင့်လှစ်သင်ကြားပေးခဲ့သည့် စာသင်ဝိုင်းသို့ တက်ရောက်ပြီးမှသာ စာကောင်းကောင်း ဖတ်တတ်လာသည်ဟု ၎င်းက ဖွင့်ဟပြောကြားသည်။

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၂၉ မြို့နယ်တို့တွင် ကျင်းပခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ရွေးချယ်ပေးမှုကို အခြေခံပြီး တနိုင်း၊ လွိုင်ကော်၊ ကော့ကရိတ်၊ ဟားခါး၊ ဘုတလင်၊ ဝန်းသို၊ ဘုတ်ပြင်း၊ ကော့သောင်း၊ ရွှေကျင်၊ ရေတာရှည်၊ လက်ပံတန်း၊ မဟာအောင်မြေ၊ စဉ့်ကိုင်၊ နတ်မောက်၊ မင်းဘူး၊ ချောင်းဆုံ၊ ကျိုက်မရော၊ ဂွ၊ အမ်း၊ ဆိပ်ကြီးခနောင်တို၊ လှည်းကူး၊ ထန်းတပင်၊ ဖယ်ခုံ၊ ကျောက်မဲ၊ ကျိုင်းတုံ၊ ငပုတော၊ လပွတ္တာ၊ လေးမျက်နှာနှင့် ကျောင်းကုန်းမြို့နယ်များတွင် စာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းမြို့နယ်များရှိ ရပ်ကွက်/ကျေးရွာများ၌ စာသင်ဝိုင်းများ ဖွဲ့စည်းကာ ဒေသခံပြည်သူများအားရက်ပေါင်း ၄၀ အတွင်း အခြေခံစာရေး စာဖတ်တတ်မြောက်စေရန် သင်ကြားပေးခဲ့သည်။ စာသင်ဝိုင်းဖွဲ့ရာတွင် စာသင်သူ ၁၀ ဦးလျှင် တစ်ဝိုင်းနှုန်းဖြင့် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်ပေါင်း ၃၀ မှ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦး၊ ကြီးကြပ်သူ ဆရာ ဆရာမ ၄၀၃ ဦး စုစုပေါင်း ၄၆၆၄ ဦးတို့က အခြေခံစာတတ်မြောက်ရေး စာစဉ်များဖြင့် သင်ကြားပေးခဲ့ကြသည်။ ရပ်ကွက်၊ ကျေးရွာပေါင်း ၁၆၃ ရွာ၌ စာသင်ဝိုင်းပေါင်း ၄၄၄၇ ဝိုင်း ဖွင့်လှစ်သင်ကြားပေးခဲ့သည်ဟု ဆိုသည်။

စာသင်ကြားပေးခဲ့သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူလေးများက စေတနာအရင်းခံဖြင့် ဆန္ဒအလျောက်ပါဝင်ကာ လုပ်အားပေးဆရာ ဆရာမများအဖြစ် ဆောင်ရွက်ခဲ့

**အလယ်တန်းပြ ဆရာမ ဒေါ်အမာစိန် စာသင်ဝိုင်းကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့မှုကို ရှင်းပြစဉ်။**

ကြခြင်းဖြစ်သည်။ ယင်းသို့ ပါဝင်ဆောင်ရွက်ခဲ့သည့် ကျောက်ဆည်တက္ကသိုလ်မှ ရူပဗေဒဒုတိယနှစ်ကျောင်းသူ မအိအိမွန်က “ကျွန်မက ပလိပ်မြို့ စိတ္တရကျေးရွာက စာသင်ဝိုင်းမှာ သင်ကြားပေးရပါတယ်။ စာသင်သား ၁၁ ယောက်ကို အရေး၊ အဖတ်နဲ့သင်္ချာတွေ သင်ပေးရတယ်။ အခုသူတို့ အကုန်တတ်သွားကြပြီဖြစ်လို့ အရမ်းကိုပျော်ရပါတယ်” ဟု ပြောကြားသည်။ လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများမှာ စာသင်ဝိုင်းများသို့ မသွားခင် အခြေခံစာတတ်မြောက်ရေးနည်းပြသင်တန်းသို့ တက်ရောက်ခဲ့ရသည်။ အများစုမှာ စာသင်ဝိုင်းဖွင့်လှစ်ထားသည့် ကျေးရွာ/ရပ်ကွက်တွင် ဒေသခံများနှင့်အတူ နေထိုင်ပြီး စိတ်ရောကိုယ်ပါနှစ်ကာ သင်ကြားပေးခဲ့ကြခြင်းဖြစ်သည်။ “ရွာသားတွေနဲ့ နေရတာအဆင်ပြေတယ်။ ပျော်စရာလည်း ကောင်းတယ်၊ နောက်နှစ် လုပ်အားပေးခေါ်ရင်လည်း လိုက်ဦးမယ်” ဟု မအိအိမွန်က ဆက်၍ ပြောပြသည်။

စဉ့်ကိုင်မြို့နယ် ဘဲလင်းအခြေခံပညာအထက်တန်းကျောင်းခွဲမှ အလယ်တန်းပြဆရာမ ဒေါ်အမာစိန်မှာ ရွာနှင့် သုံးမိုင်ခန့်ဝေးသည့် ချောင်းပတ်ကျေးရွာရှိစာသင်ဝိုင်းတွင် ကြီးကြပ်သူအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

“စာသင်သားတွေက နေ့ခင်းမှာ အလုပ်တွေနဲ့ မအားဘူးလေ၊ ဒါကြောင့် နေ့တိုင်း ညနေ ၆ နာရီက နေ ည ၉ နာရီအထိ စာသင်ပေးရတယ်။ စာသင်သားတွေအားတဲ့အချိန်ကျမှ သင်ပေးရတာပေါ့။ ကျွန်မတို့ဝိုင်းမှာ စာသင်သား ၁၇ ယောက်ထိရှိပါတယ်။ ကျွန်မတို့ စာသင်ဝိုင်းကို တာဝန်ကျတဲ့ တက္ကသိုလ်ကျောင်းသူလေးကလည်း ကြိုးကြိုးစားစား သင်ပေးတော့ အခုအားလုံး စာတတ်သွားကြပါပြီ” ဟု ပြောကြားသည်။ ချောင်းပတ်ကျေးရွာ စာသင်ဝိုင်းတွင် အသက်(၁၅)နှစ်နှင့် (၆၅)နှစ် အရွယ်အကြားရှိ စာသင်သားများ လာရောက်သင်ကြားကြသည်ဟု ဆိုသည်။

“(၁၅)နှစ်အရွယ်ကလေးမလေးကတော့ မိဘတွေက ဟိုနယ်ပြောင်း ဒီနယ်ပြောင်းနဲ့မို့ စာလုံးဝမသင်ခဲ့ရတဲ့သူပါ။ ခုတော်တော်လေးရေးတတ်၊ ဖတ်တတ်သွားပါပြီ။ အသက်(၆၅)နှစ်အရွယ်အဒေါ်ကြီးက စာတော့နည်းနည်းတတ်တယ်။ ဒါပေမယ့် တီဗွီမှာပြတဲ့စာသားတွေကို သိပ်မဖတ်တတ်တာနဲ့ သင်ပါရစေဆိုပြီး သူ့သဘောနဲ့သူလာသင်တာ၊ ခုဆို ကျွမ်းကျွမ်းကျင်ကျင် ဖတ်တတ်သွားပြီလို့ ပြန်ပြောပါတယ်” ဟု ဒေါ်အမာစိန်က ဆက်လက်ပြောကြားသည်။

**ကျောက်ဆည်တက္ကသိုလ်မှ လုပ်အားပေးတက္ကသိုလ်ကျောင်းသူ မအိအိမွန် စာသင်ဝိုင်းတွင် သင်ကြားပေးခဲ့မှုကို ပြောကြားစဉ်။**

ထိုသို့ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် စာသင်သားများမှာ စာရေး၊ စာဖတ်ကို ကောင်းမွန်စွာတတ်ကျွမ်းသွားကြပေပြီ။ ထိုမှတစ်ဆင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်လည်း ဆက်လက်ကြိုးပမ်းရပေဦးမည်။ သို့မှသာ အသိပညာဗဟုသုတပွားများပြီး မိမိဘဝတိုးတက်ရေးကို ရှေးရှုဆောင်ရွက်နိုင်ပေမည်။



**ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီး ရှင်းလင်းပြောကြားစဉ်။**

ချောင်းပတ်ကျေးရွာမှ မထက်ထက်အောင်ကမူ “အရင်ကစာသိပ်မတတ်တော့ စာမဖတ်ဖြစ်ဘူး၊ အကန်းလိုဖြစ်နေတာပေါ့။ ခုစာဖတ်တတ်သွားတော့ စိတ်ကစာပဲဖတ်ချင်နေတယ်။ ရွာမှာ စာကြည့်တိုက်ရှိတယ်၊ သွားဖတ်မယ်၊ ဒါမှ စာဖတ်တာပိုမြန်လာမယ်”ဟု ပြောကြားသည်။

အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

“ဒီလို ဆောင်ရွက်ခြင်းအားဖြင့် မြန်မာ့ပညာရေးအညွှန်းကိန်းမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ စာတတ်မြောက်မှုနှုန်းလည်း မြင့်တက်လာသလို ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအညွှန်းကိန်းတွေကို အထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်”ဟု ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။

ထို့အတူ နောင်တွင်လည်း အဆိုပါ စာတတ်မြောက်ရေးလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေနှင့်ပတ်သက်၍ ၎င်းက “နောင်နှစ်တွေမှာလည်း အခုလိုပဲ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ဦးဆောင်မှုနဲ့အတူ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဆက်လက်ပြောကြားသည်။

နိုင်ငံတစ်ဝန်း၌ အဆိုပါစာတတ်မြောက်ရေးလှုပ်ရှားမှုကြောင့် ယခုအခါ စာသင်သားစုစုပေါင်း ၄၆၄၇၉ ဦးတို့အား အရေး၊ အဖတ်၊ အတွက်ဟူသည့် အခြေခံ စာရေး၊ စာဖတ်အတတ်ကို ကျွမ်းကျင်စွာတတ်မြောက်သွားကြပြီဖြစ်သည်။ စာသင်သားအများစုမှာ ငယ်စဉ်ကကျောင်းမနေခဲ့ရသူများ၊ ကျောင်းနေခဲ့ရသော်လည်း ဘဝပေးအခြေအနေအရ စာရေး၊ စာဖတ်နှင့် ကင်းကွာခဲ့သူများ၊ စာကို ကောင်းကောင်းမဖတ်နိုင်သူများသာဖြစ်သည်။ အသက်အရွယ်အရလည်း အရွယ်ရောက်ပြီးသူများနှင့် သက်ကြီးရွယ်အိုများကသာ အများဆုံးဖြစ်သည်။ ယခုမူ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှု၊ တစ်နည်းအားဖြင့် ရပ်ကွက်၊ ကျေးရွာအရောက် စာသင်ဝိုင်းများဖွင့်လှစ်သင်ကြားပေးမှုကြောင့် အရွယ်ရင့်နွမ်းသူတို့ ရင်ဝယ် စာပေပန်းကလေးများ ပြန်လည်ပွင့်လန်းလာပြီဟု ဆိုရပေတော့မည်။ ။

**စဉ့်ကိုင်မြို့နယ် ချောင်းပတ်ကျေးရွာမှ စာသင်ကြားသူ မထက်ထက်အောင်။**

## ၂၀၁၄ ခုနှစ် အာဆီယံအမှတ်တံဆိပ် အဓိပ္ပာယ်ဖွင့်ဆိုချက်

**ခရေပန်း**

ခရေပန်းမှာ အမည်အားဖြင့် “ကြယ်ပွင့်ပန်း” “Star Flower” ဟုဆိုရာ ခရေပန်း ၁၀ ပွင့်နှင့် ၎င်း၏ ချိတ်ဆက်ထားမှုသည် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင်စည်းလုံးညီညွတ်စွာ အသိုက်အဝန်းတစ်ခုအဖြစ်နှင့် တောက်ပလာမည့် ကြယ်ပွင့်များအဖြစ် ရည်ညွှန်းပါသည်။

ထို့ပြင် ခရေပန်းသည် အမြင်အားဖြင့် စက်ယန္တရား၏ ပင်နီယံကဲ့သို့လည်း အသွင်ဆောင်သည်ဖြစ်ရာ မောင်းနှင်စွမ်းအားကိုဖြစ်ထွန်းစေမည့် ပင်နီယံ ၁၀ ခု၏ ဝန်းရံချိတ်ဆက်မှုသည် ဒေသကိုကိုယ်စားပြုသည့် အာဆီယံတံဆိပ်ကို လည်ပတ်မှုစွမ်းအားဖြင့် အာဆီယံဥက္ကဋ္ဌ၏ ဆောင်ပုဒ်နှင့်အညီ ဒေသကြီး၏ ငြိမ်းချမ်းမှု၊ ကြွယ်ဝချမ်းသာမှုကို စွမ်းဆောင်နိုင်မည်ဟု ဖော်ဆောင်ပါသည်။

မြန်မာနိုင်ငံတွင် ခရေပန်းသည် ပြည်သူများမှ အလေးထားနှစ်သက်သည့် ပန်းမျိုးဖြစ်ပါသည်။ သို့ဖြစ်၍ ခရေသည် ဒေသတွင်းရှိ အခြေခံပြည်သူများကို ရည်ညွှန်းပါသည်။ ယင်းပြည်သူများကို ဗဟိုပြုလျက် ဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှု၊ ကြွယ်ဝချမ်းသာမှု၊ အေးချမ်းတည်ငြိမ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ခရေပန်း၏အရောင်ဖြစ်သော အဖြူရောင်နှင့် အဝါရောင်စပ်ယှက်ထားမှုသည် ဒေသကြီးအတွင်းရှိ ပြည်သူများအတွက် ငြိမ်းချမ်းမှုနှင့် ကြွယ်ဝမှုကို ကိုယ်စားပြုပါသည်။

ခရေပန်း၏ ထူးခြားချက်မှာ ရနံ့ဖြစ်ပြီး လန်းဆန်းစဉ်တွင်သာမက ခြောက်သွေ့ချိန်တွင်ပါ မွှေးပျံ့သည်ဖြစ်ရာ အဆိုပါ ပန်းရနံ့၏ ကြံ့ခိုင်မှုကဲ့သို့ပင် အာဆီယံဒေသရှိပြည်သူများ၏ ကြံ့ခိုင်မှုစွမ်းအားသည် အောင်မြင်သည့်အချိန်တွင်သာမက အခက်အခဲနှင့်ကြုံတွေ့ရမည့်အချိန်တွင်ပါ ကြံ့ကြံ့ခံနိုင်သည့် စွမ်းရည်ထူးကို ရည်ညွှန်းပါသည်။

**အောက်ခံအရောင်**

တံဆိပ်၏ အောက်ခံအရောင်ဖြစ်သည့် အစိမ်းရောင်သည် ဒေသကြီးဖွံ့ဖြိုးတိုးတက်မှုများအား ဖော်ဆောင်ရာတွင် ဒေသတွင်းအေးချမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားသည့် စိမ်းလန်းစိုပြည်စွာ ဖွံ့ဖြိုးတိုးတက်မည့် ဒေသအဖြစ်ကို ဖော်ဆောင်ပါသည်။

## မကွေးဆေးရုံ၌ သုံးမြွှာပူး မွေးဖွား

**မကွေး မေ ၁၆**

မကွေးမြို့ ဆေးရုံ မီးယပ်နှင့် သားဖွားဆောင်၌ မေ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီခွဲတွင် မကွေးမြို့နယ် ကန်တော်ကျေးရွာမှ မဝင်း(၃၆) နှစ်မှာ သုံးမြွှာပူးမွေးဖွားခဲ့ကြောင်း သိရသည်။

“မေ ၁၁ ရက် နံနက် ၁၁ နာရီခွဲမှာ ခွဲပြီးမွေးပေးရတာ မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေးတစ်ယောက် ဖြစ်ပါတယ်။ ပေါင်ချိန်တွေကတော့ ငါးပေါင်၊ ခြောက်ပေါင်၊ ခုနစ်ပေါင်ရှိပါတယ်။ ကလေးတွေအားလုံး ကျန်းမာရေးကောင်းပါတယ်။ အမျိုးသားက ကိုသိန်းလွင်လို့ခေါ်ပါတယ်။ ရွာမှာ ကျပန်းအလုပ်လုပ်ပါတယ်။ ကျွန်မတို့က ဆင်းရဲတော့ဆေးရုံတက်ဖို့ စရိတ်မရှိဘူး။ ရွာထဲက စုပေးကြလို့ဒီကိုရောက်လာတာ ကလေးသုံးမြွှာပူးဖြစ်နေတော့ ဆေးရုံကိုတစ်လကြိုတက်ရတယ်။ ဘယ်နေ့ဆင်းရမလဲဆိုတာ မသိရသေးဘူး။ ကျွန်မကတော့ အနာမကျက်သေးလို့ မထနိုင်သေးပါဘူး”ဟု ကလေးသုံးမြွှာပူး မိခင် မဝင်းက ပြောပြသည်။

မေ ၁၃ ရက် (ကဆုန်လပြည့်နေ့)က မကွေးတိုင်းဒေသကြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့က မဝင်းထံသို့ အလှူငွေကျပ်တစ်သိန်း လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မကွေးလှမြင့်)**

# ယင်းမာပင်ခရိုင်တွင် ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်

**ယင်းမာပင် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မေ ၁၅ ရက် ညနေ ၅ နာရီက ရုတ်တရက်လေပြင်းတိုက်ခတ်မှုများကြောင့် ဓာတ်တိုင်ပြိုလဲခြင်း၊ အဆောက်အအုံပြိုကျခြင်း၊ အမိုးလန်ခြင်း၊ အုတ်တံတိုင်းပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဖြစ်ပေါ်ရာတွင်ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် အတွင်းရှိ လည်ငေါက်ကျေးရွာမှ ပျက်စီးဆုံးရှုံးမှုကိုးခု၊ သမင်သက်ကျေးရွာမှ လေးခု၊ သရက်ကန်ကျေးရွာမှ တစ်ခု၊ရင်ပေါင်တိုင်ကျေးရွာမှ လေးခုပေါင်း ၁၈ ခုနှင့် ပုလဲမြို့နယ်မှ အိုင်းရောင်း၊ စည်ပင်၊ လှော်ကား စသည့် ကျေးရွာများတွင် ဖြစ်ပေါ်လျက်ရှိရာ စုစုပေါင်း ၂၀ ခု ပျက်စီးဆုံးရှုံးမှုဖြစ် ခဲ့ပြီး ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာမှ မအိ (၂၀) နှစ်သည် ဦးခေါင်းဒဏ်ရာရရှိပြီး ကျေးလက် ကျန်းမာရေးဌာနတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ဖြစ်ပွားရာနေရာများသို့ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် လည်ငေါက်၊သရက်ကန်၊ သမင်သတ် နှင့် သရက်ကန်ကျေးရွာတို့မှ လူနေအိမ် ၇၄ လုံးရှိ ပြည်သူများ၊ ဘေးဒုက္ခရောက်ရှိကြပြီး အမိုးလန်ပြုတ်ထွက်ခြင်းများ၊ မိုင်တိုင်အမှတ် (၁၉/၄) ဓာတ်အားခွဲရုံကြားရှိ ၃၃ KV နှင့် ၁၁KVတို့တွင် ဓာတ်တိုင်ပေါင်း ၅၀ ခန့်သည် လဲပြိုခြင်းနှင့် ယိမ်းယိုင်ခြင်းများ ဖြစ်ပွားခဲ့သည့် အပြင် အမက (မူလွန်ကျောင်း) အဆောင်၊ သစ်သားကာများနှင့် အမိုးအနည်းငယ်လန်ခြင်း၊ လည်ငေါက်ခွဲရုံ ဆောက်လုပ်ဆဲ လေးခန်းတွဲ ဆောက်လုပ်ဆဲဝန်ထမ်းလိုင်းခန်းများ အမိုးများပြုတ်ထွက်ခြင်း၊ စိုက်ပျိုးရေး ရှေ့တန်းစခန်းများ ပြုတ်ကျပျက်စီးခြင်း၊ ရွှေစေတီဘုန်းတော်ကြီးအုတ်တံတိုင်းများနှင့် ဘုရားဓမ္မာရုံအမိုးများ ပြိုကျပြုတ်ထွက်ခြင်းများ၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းမကြီးဘေးရှိ သစ်ပင်များလဲပြိုခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အလားတူ ပုလဲမြို့နယ်အိုင်းရောင်း၊ စည်ပင်နှင့် လှော်ကားကျေးရွာများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက ဦးစားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

# ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသဆောင်ပြုပြင်မွမ်းမံခြင်းနှင့် မျက်စိအလင်းအလှူဒါနအောင်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၆**

ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသဆောင် ပြုပြင်မွမ်းမံခြင်း၊ မျက်စိခွဲစိတ်ရာတွင် အသုံးပြုသောပစ္စည်းများလှူဒါန်းခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်းနှင့် မျက်စိအလင်းအလှူဒါနအောင်ပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၇ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ခရိုင်အသီးသီးမှတာဝန်ရှိသူများ၊ရန်ကုန်အနောက်ပိုင်းဆေးရုံအုပ်ကြီး၊ ဆေးရုံအုပ်၊ အထူးကု ဆရာဝန်ကြီးများနှင့် စေတနာရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားခြင်း၊ ဆေးရုံအုပ်ကြီးဒေါက်တာသင်းသင်းအေးက ကျေးဇူးတင်စကား ပြောကြားခြင်း၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာနီလာသိန်းက မျက်စိခွဲစိတ်ခန်းပြင်ဆင်မွမ်းမံခြင်းနှင့် ခွဲစိတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်းနှင့်အလှူရှင်များကိုယ်စား လေးမျက်နှာမြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက ဝမ်းသာပီတိစကားပြောကြားခြင်းများ ဆောင်ရွက်သည်။

ထို့နောက် မျက်စိခွဲစိတ်ပြီး ဝေဒနာရှင် ၅၅ ဦးအားမျက်စဉ်းဆေးဝါးများပေးအပ်ခြင်း၊ နေကာမျက်မှန်များတပ်ဆင်ပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကမျက်စိခွဲစိတ်ပြီး ဝေဒနာရှင်များအား ငွေကျပ် ၅၀၀၀ စီပံ့ပိုးပေးခြင်းနှင့် ခွဲစိတ်ပြီးနောက်ရှောင်ရန်၊ ဆောင်ရန်အချက်များကို ပညာပေးဟောပြောခြင်းများပြုလုပ်ကြသည်။

မျက်စိဝေဒနာရှင်များမှာ ကြည့်မြင်တိုင်၊ လှိုင်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လေးမျက်နှာ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်းမြို့နယ်တို့မှ လာရောက်ပြသကြခြင်းဖြစ်သည်။ မျက်စိခွဲစိတ်ခန်းပြုပြင်ခြင်းအတွက် အလှူရှင်များမှာ Mother Trading Co., Ltd ၊မွန်မွန်ရည်ရည်ဆောက်လုပ်ရေးနှင့် ပုညသဟာရ စေတနာရှင် လူငယ်များအသင်းတို့ဖြစ်သည်။

မျက်စိခွဲစိတ်ရာတွင် လိုအပ်သည့် ဆေးဝါးပစ္စည်းများကို ဦးနေဝင်း-ဒေါ်ခင်သင်းလွင်မိသားစု၊ ဦးကျင်ပိန်-ဒေါ်တင်ကြည် သမီးဒေါ်လှလှဌေးမိသားစု၊ ဦးသိန်းဝင်း-ဒေါ်သီတာစိန်မိသားစု၊ ဦးစံညိမ်း-ဒေါ်ခင်သက်တင် (နိုင်အောင်ကုမ္ပဏီမိသားစု)၊ ဦးအေးထွန်း-ဒေါ်ထားထားဦး (Oriental House မိသားစု)၊ ဦးသန်းမြင့်-ဒေါ်မြမြသန်းမိသားစု၊ ဦးမောင်မောင်လေး(USA မိသားစု)၊ ဒေါက်တာတင်မိမိ (သားဖွားမီးယပ် အထူးကုဆရာဝန်)၊ ဦးသန်းချစ်- ဒေါ်ခင်ဝင်းမိသားစုတို့က လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင် အလုပ်လျှောက်ထားလာသော Master ဘွဲ့ရများ၊ Bachelor ဘွဲ့ရများနှင့် ဒီပလိုမာအောင်လက်မှတ်ရရှိသူများ၏ အသက်ကန့်သတ်ချက်များအား ပြင်ဆင်သတ်မှတ်ခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်တွင် အလုပ်ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတင်းစာကြော်ငြာများဖြင့် လျှောက်လွှာခေါ်ယူခဲ့ရာ အလုပ်လျှောက်ထားလာသူ Master ဘွဲ့ရများ၊ Bachelor ဘွဲ့ရများနှင့် ဒီပလိုမာအောင်လက်မှတ်ရရှိသူများ၏ အသက်ကန့်သတ်ချက်များအား ၁၂-၆-၂၀၁၄ရက်တွင် ပြင်ပပုဂ္ဂိုလ်များဖြစ်ပါက အသက် ၃၀ နှစ်ထက် မကျော်လွန်သူနှင့် ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်လွန်သူများ လျှောက်ထားနိုင်ပါကြောင်းနှင့် အသက်သတ်မှတ်ချက်ကိုက်ညီ၍ ထပ်မံလျှောက်ထားလိုသူများသည် လျှောက်လွှာများအား ၁၂-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ နီးစပ်ရာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်ထားနိုင်ပါကြောင်း အသက်ကန့်သတ်ချက် ပြင်ဆင်သတ်မှတ်ခြင်းအား အသိပေးကြေညာအပ်ပါသည်။

| စဉ် | သတင်းစာကြော်ငြာ | ခေါ်ယူခဲ့သည့်ရက်စွဲ |
|---|---|---|
| ၁။ | ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာန အတွက် လျှောက်လွှာခေါ်ယူခြင်း | ၅-၃-၂၀၁၄ရက်မှ ၆-၃-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ |
| ၂။ | သတ္တုဗေဒသုတေသနနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းဌာန(အေလာ) | |
| ၃။ | အမျိုးသားဓာတ်ခွဲခန်း | ၁၀-၃-၂၀၁၄ရက်မှ ၁၁-၃-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာ |
| ၄။ | နည်းပညာသုတေသနဦးစီးဌာန(မြို့င်) | |
| ၅။ | ဇီဝနည်းပညာသုတေသနဦးစီးဌာန | ၁၁-၃-၂၀၁၄ရက်မှ ၁၂-၃-၂၀၁၄ရက်အထိ ကြေးမုံသတင်းစာ |
| ၆။ | ဘူမိဗေဒဘွဲ့ရများအား လျှောက်လွှာခေါ်ယူခြင်း (သုတေသနဌာနများ) | ၁၉-၃-၂၀၁၄ရက်မှ ၂၀-၃-၂၀၁၄ရက်အထိ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ |
| ၇။ | ဘူမိဗေဒဘွဲ့ရများအား လျှောက်လွှာခေါ်ယူခြင်း(နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံနှင့်ကျောင်းများ | |

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မဟာဥပဒေဘွဲ့ရများအား အလုပ်လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၇/၂၀၁၄)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(နေပြည်တော်)တွင် မဟာဥပဒေဘွဲ့ရများအား သရုပ်ပြ၊လစာနှုန်း (၉၉၀၀၀ိ-၁၀၀ိ-၁၀၄၀၀ိ)ရာထူးနေရာများ၌ အလုပ်ခန့်ထားရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် နီးစပ်ရာကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲ၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ ၁၂-၆-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၁၂-၆-၂၀၁၄ ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ။

(ဃ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။

(င) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။

(စ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။

(ဆ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(တယ်လီဖုန်းနံပါတ် ၀၆၇-၄၀၄၀၁၇နှင့် ၀၆၇-၄၀၄၃၆၅)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန အလုပ်လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်(၆/၂၀၁၄)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| စဉ် | ရာထူး(လစာနှုန်း) | ပညာအရည်အချင်း |
|---|---|---|
| (က) | သုတေသီ (၉၉၀၀၀ိ/၁၀၀ိ/၁၀၄၀၀ိ) | M.E(InformationTechnology), M.E(Electronics) Ph.D(Chemistry),Ph.D(Industrial Chemistry), Ph.D(Biotechnology),M.E(Mechanical), Ph.D(Chemical),M.E(Chemical), M.Sc(Chemistry),M.Sc(Industrial Chemistry) M.S/M.Sc(Biotechnology),M.A(English).LL.M |
| (ခ) | စက်မှုလက်ထောက်(၃) (၉၉၀၀၀ိ/၁၀၀ိ/၁၀၄၀၀ိ) | B.E(Electrical Power),B.E(Electronics). B.E(Mechanical),B.E(Chemical), B.E(Metallurgy) |
| (ဂ) | စက်မှုလက်ထောက်(၁) (၈၇၀၀၀ိ-၁၀၀ိ-၉၂၀၀ိ) | A.G.T.I(Electrical Power),A.G.T.I(Electronics), A.G.T.I(Mechanical), A.G.T.I(Computer Numerical Control) |

၂။ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် နီးစပ်ရာကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲ၍ ၁၂-၆-၂၀၁၄ ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Ph.Dဘွဲ့ရများသည် ၁၂-၆-၂၀၁၄ ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) Master ဘွဲ့ရ၊Bachelor ဘွဲ့ရနှင့်ဒီပလိုမာအောင်လက်မှတ်ရရှိသူများသည် ၁၂-၆-၂၀၁၄ ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် [ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်]ထက်မကျော်လွန်သူဖြစ်ရမည်။

(ဃ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။

(စ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်းဆေးထောက်ခံစာ။

(ဆ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။

(ဇ) (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ သုတေသီနှင့် စက်မှုလက်ထောက်(၃)ရာထူးများအတွက် ရေးဖြေစာမေးပွဲနှင့်လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။ စက်မှုလက်ထောက်(၁)ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းသာ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (တယ်လီဖုန်းနံပါတ်-၀၁-၆၆၃၂၅၈၊၀၁-၆၆၄၈၀၉၊ ၀၆၇-၄၀၄၀၁၇) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

# မတ်ပဲ RC ဈေးတက်မှုမြင့်မားသော်လည်း ပဲစင်းငုံနီ RC ဈေးအနည်းငယ်သာတက်

**ရန်ကုန် မေ ၁၆**

သကြၤန်အလွန်ကုန်စည်ဒိုင်ဖွင့်ပြီး ရက်သတ္တသုံးပတ်အလွန် ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန်ကျပ် ၁၅၀၀၀၀ ခန့်၊ SQ-RC တစ်တန် ကျပ် ၁၉၀၀၀၀ ခန့်၊ ပြည်ပပို့ဈေးနှုန်း မတ်ပဲ AAQ တစ်တန် ၁၃၅ ဒေါ်လာ၊ SQ-RC တစ်တန် ၁၈၅ ဒေါ်လာထိ မြင့်တက်ခဲ့၍ မတ်ပဲလက်ဝယ်ရှိသူများ အကျိုးအမြတ်များစွာရရှိကြောင်း၊ သို့သော် ပဲစင်းငုံနီ RC တစ်တန်လျှင် ကျပ်တစ်သောင်း၊ ပြည်ပပို့ဈေးနှုန်း ငါးဒေါ်လာသာမြင့်တက်သဖြင့် ပဲစင်းငုံနီလက်ဝယ်ရှိသူများ အနည်းငယ်သာ အမြတ်ရရှိသည်ဟု ပဲကုန်သည်များက ဆိုသည်။

မေ ၁၅ ရက်ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲ RC တစ်တန်ကျပ် ရှစ်သိန်း၊ SQ-RC တစ်တန် ကျပ် ၉၂၀၀၀၀၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၆၄၅၀၀၀ နှုန်းရှိပြီး ပြည်ပပို့ဈေးနှုန်းများမှာမတ်ပဲ FAQ တစ်တန် ၈၄၀-၈၇၀ ဒေါ်လာ၊ SQ-RC တစ်တန် ၉၆၅-၉၉၅ ဒေါ်လာ၊ ပဲစင်းငုံနီ FAQ တစ်တန် ၆၉၅-၇၂၅ ဒေါ်လာရှိနေကြောင်း၊ သကြၤန်အလွန် ဧပြီ ၂၂ ရက်တွင် မတ်ပဲ RC တစ်တန်ကျပ် ၆၅၄၀၀၀ နှုန်း၊ SQ-RC တစ်တန်ကျပ် ၇၃၃၅၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ၆၃၅၀၀၀ ကျပ်နှုန်း၊ ပြည်ပပို့မတ်ပဲ FAQ တစ်တန် ၇၀၅-၇၂၅ ဒေါ်လာ၊ SQ-RC တစ်တန် ၇၈၀-၈၀၀ ဒေါ်လာ၊ ပဲစင်းငုံနီ FAQ တစ်တန် ၆၉၀-၇၂၀ ဒေါ်လာနှုန်းရှိကြောင်း နေ့စဉ်ပဲဈေးနှုန်းစာရင်းများမှ သိရသည်။

၂၀၁၁ ခုနှစ်တွင်မတ်ပဲ RC တစ်တန်ကျပ် ခုနစ်သိန်း၊ ပဲစင်းငုံနီ RC ကျပ် ခုနစ်သိန်း၊ ပဲတီစိမ်း ၁၃ သိန်းထိသာရှိကြောင်း၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် မတ်ပဲနှင့် ပဲစင်းငုံနီ RC တစ်တန်ကျပ်ခြောက်သိန်းဝန်းကျင်သာရှိရာမှ ၂၀၁၄ မေ ၁၅ ရက်တွင် မတ်ပဲ RC တစ်တန်ကျပ် ရှစ်သိန်းသည် ၂၀၁၁ မှ ယခုကာလအထိ သုံးနှစ်ကျော်အတွင်း ဈေးနှုန်းအမြင့်ဆုံးဟု ပဲကုန်သည်တစ်ဦးက ဆိုသည်။ **(မောင်စေအောင်)**

## ညောင်လေးပင်မြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ညောင်လေးပင် မေ ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့)က ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးမှ ဦးစီးကျင်းပသော (၉၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ကျင်းပရာ ဝတ်အသင်းအဖွဲ့ ၁၃ ဖွဲ့မှ ဝတ်အသင်းသူ/သားများက ဘုရားကြီးလမ်းရှိ မဟာတိလောကသယမ္ဘူကျောက်တော်ကြီးဘုရားဝင်းအတွင်းရှိ ဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ညနေ ၄ နာရီတွင် အသင်းတိုက်ရှေ့၌ ကျောင်းပေါင်း ၉၄ ကျောင်းမှ သံဃာတော် ၁၀၃၇ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်စာရေးတံမဲ လှူဒါန်းပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)** **(၆၉၂)**

## နေ့စားလပေး ရေးဖြေစာမေးပွဲ အောင်စာရင်း ကြေညာ

**ညောင်တုန်း မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပညာရေးဌာန၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ခန့်အပ်မည့် ဒုတိယအကြိမ် နေ့စားလပေးကျောင်းဆရာ ဆရာမများ၏ ရေးဖြေစာမေးပွဲကို မေ ၅ ရက်က ဖြေဆိုခဲ့ရာ အောင်မြင်သည့် ဆရာ ဆရာမများအား မေ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်ပညာ ရေးမှူးရုံးရှေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

အဆိုပါ စာမေးပွဲသို့ ညောင်တုန်းတစ်မြို့နယ်လုံးတွင် လျှောက်ထားသူဆရာ ဆရာမ ၅၁၄ ဦးရှိရာ ၄၇၄ ဦးသာဝင်ရောက်ဖြေဆိုခဲ့သည်။ ဖြေဆိုသူများ၏ အောင်စာရင်းတွင် ၁၇၃ ဦးအောင်မြင်ကြောင်းကို မေ ၁၀ ရက်က ထုတ်ပြန်ခဲ့ပြီး ကျန် ၃၀၁ ဦးကို မေ ၁၅ ရက်က ထပ်မံထုတ်ပြန်ခဲ့ရာ ဆက်လက်ရွေးချယ်ခန့်ထားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## မိတ္ထီလာမြို့တွင်း ဇရိယာ၌ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်သည့်မော်တော်ယာဉ်များအား စစ်ဆေးကြီးကြပ်

**မိတ္ထီလာ မေ ၁၆**

မိတ္ထီလာမြို့တွင်းသို့ ညပိုင်းအချိန် ဖြတ်သန်းမောင်းနှင်သော ကုန်တင်ယာဉ်များသည် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ယာဉ်အန္တရာယ် မဖြစ်စေရေးအတွက် သတိထား သွားလာနေကြရသည်။ ထို့ကြောင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စဝ်နေလင်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် အမှတ်(၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ကျော်ကျော်ထွန်း၊ ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်လုပ်ငန်းများကြီးကြပ်မှုကော်မတီ၊ စည်ပင်၊ တရားရေးအဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြို့တွင်းသတ်မှတ်မိုင်နှုန်းထက် ကျော်လွန်ပြီး အရှိန်ပြင်းစွာ ဖြတ်သန်းမောင်းနှင်တဲ့ ယာဉ်မောင်းများရဲ့ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များကို စစ်ဆေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု မရှိဘဲ ရပ်နားတဲ့ ယာဉ်များကို စစ်ဆေးကြီးကြပ်ခြင်းလုပ်ငန်းများကို နေ့ညမပြတ် စုပေါင်းယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ဆောင်ရွက်နေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။ **(၇၇၉)**

### ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ကျေးလက် လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာနှင့် အလုပ်အကိုင်အခွင့်အလမ်းလုပ်ငန်းများ လျာထားချက်

စာရင်းချုပ်

| စဉ် | လုပ်ငန်းအမည် | ခွင့်ပြုငွေ(ကျပ်သန်း) | မှတ်ချက် |
|---|---|---|---|
| ၁ | ကျေးလက်လမ်း၊ တံတား | ၂၀၁၅၈၅. ၄၆၉ | |
| ၂ | ကျေးလက်ရေပေးရေး | ၃၈၂၁၇. ၅၅၀ | |
| ၃ | ယင်လုံအိမ်သာ | ၁၅၆၈. ၆၀၀ | |
| ၄ | ကျေးလက်မီးလင်းရေး | ၃၇၂၉၉. ၉၇၄ | |
| ၅ | ကျေးလက်အိမ်ရာ | ၄၄၀၂. ၆၀၈ | |
| ၆ | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်း | ၃၅၅၄. ၀၀၀ | |
| | စုစုပေါင်း | ၂၈၆၆၂၈. ၂၀၁ | |

## ပျောက်ဆုံး

ဦးဇိုးသိန်း အမည်ဖြင့် CustomS သွင်းကုန်ကြေညာလွှာ ID 241369 နှင့် Statement စာရွက်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၃၂၂၃၅

## ပျောက်ဆုံး

ကျွန်တော်တို့၏ TOYO THAI POWER Myanmar Co.,Ltd. ၏

1. Certificate of Incorporation (ကုမ္ပဏီမှတ်ပုံတင်လက်မှတ်)
2. Form I, Form of Permit
3. FORM VI (ပုံစံ ၆)
4. FORM XXVI (ပုံစံ ၂၆)
5. Articles of Association (AOA) (သင်းဖွဲ့စည်းမျဉ်း)
6. Memorandum of Association (MOA) (သင်းဖွဲ့မှတ်တမ်း)
7. MIC Permit (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်)များ

ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း- ၃၇၁၉၆၂

## စားသောက်ဆိုင်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝက်ဘာလမ်း၊ အမှတ်(၁၆)ဝင်းအတွင်းရှိ ပေ(၇၅×၁၅) အကျယ်အဝန်းရှိ အဆောက်အအုံသစ်ဆောက်လုပ်ပြီးဖြစ်ပါ၍ စားသောက်ဆိုင်ဖွင့်လှစ်လိုသူများ ၁၇-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေး ကြေညာအပ်ပါသည်။

(တင်ဒါပုံစံကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် ရုံးချိန်အတွင်း ရရှိနိုင်ပါသည်။)

အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

# ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီ

**မည်သည့်ပညာရပ်မဆို ခက်ခဲနက်နဲ၏။ ပညာရပ်များစွာထဲတွင် အနုပညာသည်လည်း တစ်ခုအပါအဝင်၊ နုနုလေးနဲ့ ပညာသားပါလှသည့်အတွက် အနုပညာဟုဆိုကြလေသလားမသိ။ ပညာရပ်တစ်ခုနှင့်ပတ်သက်၍ အောင်မြင်မှုတစ်ခုကို လွယ်လွယ်နှင့်မရနိုင်။ အချိန်ပေးကြရသည်။ စိတ်ဆန္ဒရှိရုံဖြင့်မရ၊ တစိုက်မတ်မတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကြိုးစားအားထုတ်ပါက တစ်နေ့အောင်မြင်မှုရမည်မှာမလွဲ။**

**တင့်လွင်ဦး (စီးပွားရေးတက္ကသိုလ်)**

ဝါသနာဗီဇပြင်းပြလှသည်နှင့်အညီ အနုပညာသည် သူ့ဘဝဟု လေးနက်စွာခံယူရင်း အနုပညာလောကထဲ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရာမှ ယနေ့အောင်မြင်မှု ရရှိခဲ့သော၊ အောင်မြင်နေဆဲဖြစ်သော ပြည်သူချစ် အနုပညာရှင်တစ်ဦးအကြောင်း ရေးပြချင်သည်။

အများသိပြီးဖြစ်သည့် ဟာသသရုပ်ဆောင် အကယ်ဒမီဦးမိုးဒီ၊ ရုပ်သွင်ကို မြင်ရမှမဟုတ်၊ အသံကြားရုံဖြင့်ပင် ကလေးလူကြီးမရွေး တစ်တိုင်းပြည်လုံး သိကြသည်။ အမည်ရင်း သန်းထွန်း၊ အဘကုန်သည် ဦးဟန်တင်၊ အမိဒေါ်ခင်မြင့်တို့က ၁-၁-၁၉၄၈ ရက်(သောကြာနေ့)တွင် ဟင်္သာတမြို့ ဇကာတန်းရပ်၌ မွေးဖွားခဲ့ရာ မွေးချင်းသုံးဦးရှိသည့်အနက် အငယ်ဆုံး။ ဟင်္သာတမြို့ အထက(၁)တွင် ခုနစ်တန်းအထိ ပညာသင်ကြားခဲ့သော်လည်း ကျောင်းစာထက် အနုပညာကိုသာ အားသန်စိတ်ဝင်စားနေသည့်အတွက် ကျောင်းပညာကိုပစ်ပြီး အနုပညာလောကထဲ ခြေစုံပစ်ဝင်ရောက်ခဲ့သည်မှာ ယနေ့တိုင်။ ဟင်္သာတမြို့ ဗုဒ္ဓဟူးဆွမ်းပတ်တွင် ဝေယျာဝစ္စများဝင်ရောက်လုပ်ကိုင်ပေးရင်း မြို့ခံဆိုင်းအဖွဲ့၏ ညပိုင်းဖျော်ဖြေတင်ဆက်မှုများကို ကြည့်ခဲ့ရသည်။ ဆိုင်းအဖွဲ့မှ လူရွှင်တော်ကြီးများကို ကြည့်ရင်းကြည့်ရင်း အားကျလာခဲ့ရာ လူရွှင်တော်ဖြစ်ချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာတော့သည်။ အိမ်ပြန်ရောက်လေတိုင်း လူရွှင်တော်ကြီးများ၏ ပျက်လုံးနှင့် ဟန်ပန်အမူအရာတို့ကို လုပ်ပြလေ့ရှိရာ မိဘဆွေမျိုးအသိုင်းအဝိုင်းများကလည်း သဘောတွေ့ပြီး နှစ်ခြိုက်အားပေးကြသည့်အတွက် ဦးမိုး၏ဖြစ်ချင်သည့် စိတ်ဆန္ဒများကား ချွန်းအုပ်၍မနိုင်။

မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ တစ်နေ့ ရွှေမန်းပန်တျာကြည်လင်ဇာတ်အဖွဲ့ ဟင်္သာတမြို့သို့ လာရောက်ကပြရာ ဦးမိုးသည် ထမင်းမေ့၊ ဟင်းမေ့ ဇာတ်နားကမခွာ၊ ညစဉ်ညတိုင်း ညလုံးပေါက်ပွဲကြည့်လေ့ရှိပြီး ပွဲပြီးသည်နှင့် ဇာတ်ထဲအတင်းလိုက်သွားတော့သည်။ အိမ်ကို လုံးဝအသိမပေး၊ အသိပေးပါက တားမည်စိုးသည်။ မိဘအသိုင်းအဝိုင်းက နောက်မှလိုက်စုံစမ်းပြီး မတားသာသည့်အဆုံး ဦးမိုး၏ဆန္ဒကို ဖြည့်ဆည်းခွင့်ပြုကြရသည်။ ဇာတ်ဆရာက ဇာတ်ထဲတွင် လူမလိုသော်လည်း ဦးမိုး၏ဆန္ဒကို မငြင်းပယ်ရက်၊ ဇာတ်ထဲရောက်စ ဟိုလူကခိုင်း၊ ဒီလူကခိုင်း၊ တောက်တိုမယ်ရ၊ တကယ်တော့ ဇာတ်သူဇာတ်သားများဘဝသည် ပင်ပန်းဆင်းရဲလွန်းလှသည်။ ဝါသနာ အရင်းခံကြ၍သာ ပင်ပန်း၍ ပင်ပန်းကြမှန်းမသိ၊ အစားဆင်းရဲ၊ အနေဆင်းရဲ၊ ကြုံသည့်အရပ်မှာ ကြုံသလို သင့်တင့်မျှတအောင်နေကြရပြီး ကြုံသလို ခရီးသွားကြရသည်။ သာမန်လူတို့ ဒဏ်မခံနိုင်၊ အအိပ်ပျက်၊ အစားပျက် မည်မျှပင်ပန်းကြစေကာမူ အနုပညာကို ဖန်တီးခွင့်ရကြသည့်အခါ ပင်ပန်းမှုများကို မေ့သွားကြပြန်သည်။ ဦးမိုးလည်းထို့အတူ၊ သူရရှိနေသည့်ဘဝကို ဘယ်အရာနဲ့မှ မလဲနိုင်၊ အချိန်မဖြုန်း၊ ရသည့်အချိန်ကို မှန်ကန်စွာ အသုံးချသည်။ ရသမျှပညာ အကုန်ယူသည်။ တောက်တိုမည်ရဘဝမှ မီးအဖွဲ့တွင် လူလိုသည့်အတွက် မီးသမားဖြစ်ခဲ့ပြန်သည်။ ဇာတ်အဖွဲ့တွင် မီးသမားဆို၍ မီးခလုတ်ဖွင့်တတ်ပိတ်တတ်ရုံဖြင့်မရ။ ဇာတ်လမ်းဇာတ်ကွက်အားလုံး ခရေစေ့တွင်းကျ နောကျေအောင်သိထားရသည်။ ဇာတ်လမ်းနှင့်မီး အပြန်အလှန်အပေးအယူ အချိတ်အဆက်မိပါမှ တင်ဆက်မှုများသည် ပို၍အသက်ဝင် ရသမြောက်သည်။ ဦးမိုးသည် မီးထိုးချောင်ရှိ မီးခလုတ်များကြား ညလုံးပေါက်ထိုင်၍ မီးအပေးအယူလုပ်ရင်း ဇာတ်သဘင်ပညာ၊ ဟာသပညာ၊ ပြဇာတ်ပညာ၊ ကဇာတ်ပညာနှင့် နောက်ပိုင်းဇာတ်တော်ကြီးများပါမကျန် လေ့လာမှတ်သားသည်။ သို့ဖြစ်၍ အနုပညာကုန်ကြမ်းများကား တစ်ပွေ့တစ်ပိုက်၊ ထိုကာလများက ရရှိခဲ့သော အတွေ့အကြုံများကိုယခုပြန်တွေးကြည့်သည့်အခါ သူ့ဘဝအတွက် အနုပညာအာဟာရများဟု ဦးမိုးက အဓိပ္ပာယ်ဖွင့်ဆိုပြန်သည်။ တာထွက်ကောင်းသည်ဟုဆိုရမည်လား၊ ပန်တျာကြည်လင်ဇာတ်၌ ထိုစဉ်က တကယ့်ဝါရင့်သမ္မာရင့် နိုင်ငံကျော် ဇာတ်သဘင်လူရွှင်တော်ကြီးများဖြစ်ကြသော ဦးခ‌ေတ်ရှင်၊ ဦးရွှေငါးနှင့် ဦးစံမောင်းတို့ထံမှ ဟာသပညာရပ်များ အားပါးတရ လေ့လာဆည်းပူးခွင့်ရခဲ့သည်။ ပန်တျာကြည်လင်ဇာတ်တွင်ငါးနှစ်အကြာ လက်ထောက်မီးဆရာရာထူးရခဲ့သည်။ ဇနီး ဒေါ်အေးကြွယ်နှင့် ဖူးစာဆုံခဲ့သည်။

ဇာတ်သဘင်လောက၊ အငြိမ့်လောကတို့တွင် ရာသီခွင်ပြီး၍ စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ ဇာတ်ခေါင်းခွဲကြပြီး ဟိုဇာတ်သည်ဇာတ် ကူးပြောင်းကပြမှုများရှိသည်။ ထိုသဘောသဘာဝအရ ဦးမိုးသည် ပန်တျာကြည်လင်ဇာတ်မှ ရွှေမန်းကျော်အောင်ဇာတ်သို့ ကူးပြောင်းသည်။ မီးဆရာအဖြစ် ကူးပြောင်းခဲ့သော်လည်း ဇာတ်ရည်ဝနေသူဖြစ်သည့်အတွက် လူလိုလျှင်လိုသည့်နေရာ ဝင်ရောက်ကပြရသည်။ အခက်အခဲမရှိ၊ ရွှေမန်းကျော်အောင်ဇာတ်ထဲတွင် မီးဆရာတစ်ပိုင်း၊ သရုပ်ဆောင်တစ်ပိုင်း၊ ထိုဇာတ်နှင့် နှစ်နှစ်ကပြပြီးနောက် ဦးကက်နက်စိန်၏သား စိန်မာဒင်ဇာတ်သို့ ရောက်ရှိပြန်သည်။ ထိုဇာတ်အဖွဲ့တွင် လူရွှင်တော်သီးသန့်၊ စိန်မာဒင်ဇာတ်နှင့် သုံးနှစ်လက်တွဲပြီးနောက် ရေဒီယို-စိန်ခင်မောင်(ပတ္တလား)ဦးစီးတည်ထောင်သော ခင်မာချိုအငြိမ့်အဖွဲ့ထဲရောက်ပြန်သည်။ ခင်မာချိုအငြိမ့်တွင် ငါးနှစ်ကပြီးနောက် ထိုစဉ်က ပြဇာတ်အကျော်အမော် ပြဇာတ်မင်းသားတို့တင်ဌေးက ခေါ်သည့်အတွက် စိန်မာဒင်ဇာတ်ထဲရောက်ပြန်သည်။ ကံတူအကျိုးပေးဟုဆိုရမည်လား၊ စိန်မာဒင်ဇာတ်နှင့်ဒုတိယအကြော့ လက်တွဲသည့်အခါ စိန်မာဒင်၏သား ဇာတ်မင်းသား မိုးဝင်း၊ မိုးဒီ၊ မော့(စ်) ဆိုပြီး လျှမ်းလျှမ်းတောက် နာမည်ကြီးကြလေတော့သည်။ ကပြရာနေရာတိုင်း ရုံပြည့်၊ ရုံလျှံ၊ ရုံဖွင့်၊ ရုံကွဲ မင်းသားမိုးဝင်း၏ ဇာတ်လမ်းဇာတ်ကွက်၊ လေးနက်ပီပြင်သော ပြဇာတ်များ၊ မြူးကြွလှပသော နှစ်ပါးခွင်များနှင့်အတူ မိုးဒီ၊ မော့(စ်) တို့၏ ရယ်ရွှင်ဖွယ်ဟာသများကား တဝါးဝါး၊ ပွဲအစမှ အဆုံးတိုင် ငိုက်ချိန်မရ၊ ပါးစပ်မပိတ်ရ၊ အူတက်မတတ် ရယ်ခဲ့ရသည်မှာ စာရေးသူကိုယ်တွေ့၊ ထိုမှတစ်ဖန် ဦးမိုးကိုယ်တိုင် ဦးစီးတည်ထောင်သော ပန်တျာတင်မိုးဝင်း၊ မိုးဒီ၊ မော့(စ်)ဇာတ်သဘင်၊ ထိုဇာတ်တွင် ဦးမိုးသည် ဟာသသာမက သဘာဝကိုလည်း နိုင်နင်းကြောင်း ပြခဲ့သည်။ ပန်တျာတင်မိုးဝင်းဇာတ်တွင် ဦးမိုးကိုယ်တိုင် ပြဇာတ်မင်းသားအဖြစ် ခေါင်းဆောင်တင်ဆက်ကပြခဲ့သော "နံ့သာလိမ်း၍ ပန်းစိမ်းပန်"၊ "ရင်ကွဲအောင်ချစ်ပြမယ်" နှင့် "မေတ္တာဟာ မေတ္တာပါပဲ" ပြဇာတ်များဟာ ပရိသတ်များ အကြိမ်ကြိမ်တောင်းဆိုခြင်း ခံခဲ့ရပြီး ပွဲတောင်းပြဇာတ်များအဖြစ် ထင်ရှားခဲ့သည်။ ပန်တျာတင်မိုးဝင်းနှင့်ကပြနေစဉ် ရုပ်ရှင်မင်းသား သန်းအောင်က အိမ်ကြည့်အမှတ်တရ ဗီဒီယိုကား ရိုက်လိုသည်ဆို၍ မော့စ်နှင့်တွဲဖက်ပြီး "မင်္ဂလာဦးည" နှင့် "အစိရှည်၏ အရှုပ်တော်ပုံ" ဟာသဇာတ်ကားနှစ်ကား ရိုက်ကူးခဲ့ရာ သတင်းပြန့်ပြီး ပရိသတ်က တောင်းဆိုသည့်အတွက် ရောင်းတန်းဗီဒီယိုဇာတ်ကားအဖြစ် အသွင်ပြောင်းဖြန့်ချိခဲ့ရသည်။ ထိုနှစ်ကားထွက်သည်နှင့် ဗီဒီယိုထုတ်လုပ်သူများဝိုင်းဝိုင်းလည်၊ သို့ဖြစ်၍ ဗီဒီယိုလောကထဲ ရောက်ခဲ့ရပြန်သည်။ ထင်ပေါ်၍ စင်တော်ကောက်၊ အကျိုးပေး၍ အကြောင်းထင်၊ ဗီဒီယိုလောက၊ ကြော်ငြာလောက၊ ရုပ်ရှင်လောက နေရာတိုင်းတွင် အောင်မြင်မှုများကား စဉ်ဆက်မပျက်၊ ရခဲလှသည့်မြန်မာ့ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့သည်။ အကယ်ဒမီသည် နတ်ကြီး၏။ ကံတရားနှင့်လည်းဆိုင်၏။ ရုပ်ရှင်လောကတွင် တချို့တော်ခဲ့ကျော်ခဲ့ကြသော်လည်း အကယ်ဒမီစင်မြင့်ပေါ် တက်ခွင့်မရ။ လူကြမ်းထဲမှ၊ ဟာသလူရွှင်တော်ထဲမှ အကယ်ဒမီရသူရှားလှသည်။ ရှားသူများကြားမှ ရယူနိုင်သူဖြစ်သည့်အတွက် မှတ်မှတ်သားသားဖြစ်ရသည်။ တစ်ချိန်က မြို့တော်သိန်းအောင်ဇာတ်အဖွဲ့တွင် ပြဇာတ်ဒါရိုက်တာ မြို့တော်မောင်ယဉ်အောင်တင်ဆက်ခဲ့သည့် နာမည်ကြီးစင်တင်ပြဇာတ်ကို မြို့တော်မောင်ယဉ်အောင်ကပင် ရုပ်ရှင်အဖြစ်အသက်သွင်း၍ ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော "ကိုးဆယ်ဆ သာလိမ့်မည်" ဇာတ်ကားတွင် ဦးမိုးပါဝင်သရုပ်ဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မြန်မာ့ရုပ်ရှင် အကောင်းဆုံးဇာတ်ပို့သရုပ်ဆောင်အကယ်ဒမီဆု ရရှိခဲ့သည်။ ထိုကားမတိုင်မီက အကယ်ဒမီပြိုင်ပွဲချိုကြီးနှင့် ပန်းဒဏ္ဍာရီဇာတ်ကားတို့တွင်လည်း အကယ်ဒမီမှန်းခဲ့သေးသည်။ ပန်းဒဏ္ဍာရီဇာတ်ကားတွင် မယားကြောက်ရသည့် ထန်းရည်မူးသမားကြီးအဖြစ် သဘာဝကျကျ ပီပြင်စွာ သရုပ်ဆောင်ခဲ့ရာ အကယ်ဒမီနှင့် ဆန်ခါတင်အဆင့်ကျမှ လွဲခဲ့သော်လည်း စိတ်ဓာတ်မကျ၊ ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့ရာ "ကိုးဆယ်ဆသာလိမ့်မည်"ဇာတ်ကားဖြင့် အကယ်ဒမီရခဲ့သည့်အတွက် ထိုအကယ်ဒမီညက တစ်လမ်းလုံးရှိ လမ်းသူလမ်းသားအားလုံးတို့ အားပါးတရ ဒါနပြုစတုဒိသာ ကျွေးမွေးခဲ့သည်။ အမျိုးသားညီလာခံ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ စသည်ဖြင့် နိုင်ငံတော်အဆင့် တင်ဆက်ခဲ့ရသည့် ပွဲပေါင်းများစွာ၊ ဘာသာရေးသာသနာရေးအတွက် တင်ဆက်ခဲ့ရသည့် ပွဲပေါင်းများစွာ၊ ထို့ပြင် နိုင်ငံရပ်ခြားရောက်မြန်မာများက ဖိတ်ကြားသည့်အတွက် အမေရိကန်၊ အင်္ဂလန်၊ ဂျပန် (နှစ်ကြိမ်)၊ ဩစတြေးလျ (နှစ်ကြိမ်)၊ စင်ကာပူ၊ ထိုင်းနှင့်မလေးရှားနိုင်ငံများသို့လည်း သွားရောက်ဖျော်ဖြေခဲ့ရပြန်သည်။

သားလေးဦးထွန်းကားခဲ့ပြီး ဒုတိယသားဖြစ်သော ကြည်စိုး(ခ)ဟာသသရုပ်ဆောင်ကောင်းစံမှာလည်း ဟာသအနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေဆဲ၊ အောင်မြင်နေဆဲ၊ ဦးမိုး၏ လက်ဦးဆရာများမှာ မိုးဒီဆိုသော အမည်ပေးခဲ့သည့် ဟာသလူရွှင်တော်ကြီး ဦးခ‌ေတ်ရှင်နှင့်ဦးရွှေငါး၊ သားကောင်းစံ၏လက်ဦးဆရာမှာ ဟာသလူရွှင်တော်ကြီး ဦးစိန်ရိုးဟုသိရသည်။ ဦးမိုးသည် အလှူအတန်းရက်ရောပြီး မွေးရပ်ဇာတိမြေကို မမေ့၊ အချိန်ရလျှင်ရသလို မွေးရပ်မြေကိုပြန်၍ အလှူဒါနပြုလေ့ရှိသည်။ သူ့ဘဝ၊ သူ့အနုပညာသည် အတုယူစရာ၊ အားကျစရာ၊ ဦးမိုးသည် သူမြတ်နိုးသော အနုပညာလမ်းမှာ ဂန္ထဝင်မှတ်တိုင်များ စိုက်ထူရင်း မမောမပန်း ယနေ့တိုင် လျှောက်လှမ်းနေဆဲ။ ။

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့်လုပ်သား ပြည်သူများ အချိန်မီ ပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

# လန်ဒန်အိုလံပစ်လက်ဝှေ့ကြိုးဝိုင်းအတွင်းမှ မျိုးသန့်

**ရွှေဘိုဘာမထီခင်အောင်**

(၁၄)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားမျိုးပေါင်းစုံယှဉ်ပြိုင်အနိုင်လုပွဲကြီးကို ၁၉၄၈ ခုနှစ် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၄ ရက်ထိ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ ကျင်းပခဲ့၏။

ဆဌမဂျော့ဘုရင်ကြီးကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးပြီး မယ်တော်မေရီမိဖုရားကြီး၊ အယ်လီဇဘတ် မိဖုရား၊ မာဂရက်မင်းသမီးနှင့် မင်းညီမင်းသားအပေါင်းလည်းတက်ရောက်ကာ အားပေးဂုဏ်ပြုခဲ့ကြသည်။ (၅၉)နိုင်ငံမှ အားကစားလက်ရွေးစင်မောင်မယ်ပေါင်း ၆၀၀၅ ဦးက အားကစားမျိုးပေါင်းစုံကို ဝင်ရောက်ယှဉ်ပြိုင် အနိုင်ယူခဲ့၏။ ကမ္ဘာ့ပရိသတ် ၈၂၀၀၀ ကျော်လာရောက်ကြည့်ရှုအားပေးခဲ့ပေသည်။

၁၉၄၀ ခုနှစ်အတွင်းတွင် (၁၂)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပွဲတော်ကို ဖင်လန်နိုင်ငံ ဟယ်ဆင်ကီမြို့၌ ကျင်းပရန်ရှိသော်ငြားလည်း ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ အစပြု၍ ဥရောပတိုက်၌ ဒုတိယကမ္ဘာစစ်မီး စတင်လောင်ကျွမ်းပြီဖြစ်သဖြင့် မကျင်းပဖြစ်ခဲ့။ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပရန် ကြံရွယ်ခဲ့သေး၏။ သို့တမူ စစ်မီးတောက်က အာရှတိုက်သို့ ချက်ချင်းဆိုသလို ကူးစက်လာပြီဖြစ်သမို့ ဂျပန်တွင်လည်း မကျင်းပနိုင်ချေ။ တစ်ဖန် လေးနှစ်လျှင်တစ်ကြိမ်ကျ ကျင်းပရန် ပြဋ္ဌာန်းထားသော ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်ကို ၁၉၄၄ ခုနှစ်၌ ကျင်းပရမည်ဖြစ်လင့်ကစား ၁၉၄၄ ခုနှစ်ဝယ် ဒုတိယကမ္ဘာစစ်ကြီးသည် ကမ္ဘာ့နိုင်ငံအနှံ့ဖြစ်နေချိန်ဖြစ်သဖြင့် (၁၃)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်အားကစားပွဲတော် မကျင်းပနိုင်ပြန်ပါ။

၁၉၃၆ ခုနှစ် ဩဂုတ် ၂ ရက်မှ ၁၆ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်တွင် (၁၁)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပွဲ(ဘာလင်အိုလံပစ်) ကျင်းပခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် (၁၄)ကြိမ်မြောက် လန်ဒန်အိုလံပစ်အားကစားပွဲတော်အား ကျင်းပခဲ့ခြင်းပါ။

ကျွန်တော်တို့၏မြန်မာနိုင်ငံတော်ကြီးသည် နယ်ချဲ့အရင်းရှင်အင်္ဂလိပ်မျက်နှာဖြူအစိုးရလက်အောက်ခံ ကျွန်ဘဝသို့နှစ်ပေါင်း ၁၂၃ နှစ်တိုင်တိုင် ကျရောက်ခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ အစပြုလျက် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံဘဝမှ လွတ်မြောက်ကာ ကိုယ့်မင်းကိုယ့်ချင်းပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ်နှင့် အချုပ်အခြာအာဏာရ လွတ်လပ်သောမြန်မာနိုင်ငံတော်အဖြစ် ရပ်တည်စ ခုနှစ်လကြာကာလမှာ (၁၄)ကြိမ်မြောက် လန်ဒန်အိုလံပစ်ပွဲတော်က ဗြိတိန်နိုင်ငံ၌ ကျင်းပခြင်းဖြစ်၏။

ကျွန်တော်တို့မြန်မာနိုင်ငံအား လန်ဒန်အိုလံပစ်သို့ ပါဝင်ဆင်နွှဲရန် ဖိတ်ကြားခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက လက်သင့်ခံခဲ့ပြီးနောက် အလေးမဝင်းမောင်(ဘင်တန်ဝိတ်တန်း)၊ တာတိုမီတာ ၁၀၀၊ ၂၀၀ အပြေးသမားစိန်ဖေ၊ လက်ဝှေ့မျိုးသန့်(ဖလိုင်းဝိတ်တန်း)နှင့် စောဟာဒီ(ဘင်တန်ဝိတ်တန်း)တို့လေးဦးအား စေလွှတ်သည်။

ရဲမင်းကြီး ဦးအောင်ချိန်နှင့် ဦးဗအေးတို့က အုပ်ချုပ်ဦးဆောင်၍သွားခဲ့၏။ လွတ်လပ်သောပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်လာပြီမို့ ပြည်ထောင်စုအလံတော်သည် ကမ္ဘာတစ်ဝန်းမှ (၅၉)နိုင်ငံ အသီးသီးမှအလံတော်တို့နှင့် တန်းတူရည်တူ ဗြိတိန်နိုင်ငံတွင် ရဲရဲတောက် လွှင့်ထူနိုင်ပြီဖြစ်သည်။ လွတ်လပ်သောအချုပ်အခြာအာဏာပိုင်စိုးမှု၏ ရလဒ်ပင်ဖြစ်သည်။ ၂၉. ၇. ၁၉၄၈ ရက်နေ့ ပထမပွဲစဉ် (၁၁၂)ပေါင် ဖလိုင်းဝိတ်တန်းဗိုလ်လုပွဲ၌ မျိုးသန့်(မြန်မာ)နှင့် ကနေဒါနိုင်ငံ ချန်ပီယံ(ဂျိုအလက်ဆန်ဒိုလို)နှင့် ထိုးသတ်ရသည့် ပထမအချီ လွှတ်လိုက်ကတည်းက မျိုးသန့်က မရပ်မနားတမ်း ဖြောင့်လက်သီး/ ဝိုက်လက်သီးတွေကို အဆက်မပြတ်ထိုးတော့ရာ ဂျိုအလက်ဆန်ဒိုလို ပေ ၂၀ ပတ်လည်ကြိုးဝိုင်းအတွင်း လှည့်ပတ်ပြေးနေရတော့သည်။ အင်္ဂလိပ်ပရိသတ် ၃၀၀၀၀ ကျော်က ဘားမား၊ ဘားမား၊ ဘားမားနှင့် တစ်ခဲနက် တစ်ပြိုင်နက်တည်း အားပေးနေချေသည်။ မျိုးသန့်က ပထမအချီထိုးရချိန် ၃ မိနစ်အချိန်စေ့ BELL သံကြားရမှအထိုးရပ်တော့သည်။ ဒုတိယအချီနှင့် တတိယအချီ၌လည်း မျိုးသန့်က တိုက်စစ်ပြီးတော့ တိုက်စစ်ဆင်ထိုးနေသဖြင့် ကနေဒါနိုင်ငံ ချန်ပီယံ၏ မျက်နှာတစ်ပြင်လုံး သွေးလွှမ်းသွားလေသည်။

သုံးချီပြီးတော့ မျိုးသန့်(မြန်မာ)အား အမှတ်ပေးဒိုင်ငါးဦးစလုံးက အနိုင်ပေး၍ မီးနီငါးလုံးပွင့်လာသည်။ မျိုးသန့်က ကြိုးဝိုင်းအလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအလံတော်ကို ဆုပ်ကိုင်၍ ဗမာကွ၊ ဗမာဟေ့ဟု ဟစ်ကြွေးဝင့်ဝါလိုက်ချေသည်။ ပရိသတ်သုံးသောင်းသည် မျိုးသန့်၏သတ္တိစွမ်းပကားကို အံ့ဩကုန်နိုင်ဖွယ်ဖြစ်ကုန်တော့သည်။ ထိုည ၂၉. ၇. ၁၉၄၈ က (၁၁၉)ပေါင် ဘင်တန်ဝိတ်တန်းဗိုလ်လုပွဲ၌ စောဟာဒီ(မြန်မာ)နှင့် ပီပရဲယား(သီဟိုဠ်နိုင်ငံ) ထိုးသတ်ကြရာ ပီပရဲယားက အနိုင်ယူသွားသည်။ ၃၀. ၇. ၁၉၄၈ ရက်ညတွင်ဝယ် မျိုးသန့်(မြန်မာ)အား ပိုလန်နိုင်ငံ ချန်ပီယံ(အိပ်စကူး)က (၃-၂)နှင့် အမှတ်ဖြင့် ပွတ်ကာသီကာအနိုင်ရသွား၏။

လိုရင်းရေးရသော် အနောက်တိုင်းလက်ဝှေ့အားကစားနှင့်ပတ်သက်၍ ဝါသနာပါကြသော စာဖတ်သူမိတ်ဆွေအပေါင်း ဗဟုသုတရကြစိမ့်သောငှာ တစ်ခေတ်တစ်ချိန်က (လွန်ခဲ့သော ၆၆ နှစ်က) မြန်မာ့သတ္တိစွမ်းရည်ဇာတိသွေး၊ ဇာတိမာန်ကို ကမ္ဘာကသိအောင် လုပ်ပေးနိုင်ခဲ့သော ဗမာ့လက်သီးသူရဲကောင်း မျိုးသန့်အကြောင်းကို တစ်စေ့တစ်စောင်း တင်ပြအပ်ပါသည်။ ။

## ❒ ကျောဖုံးမှ

သိန်းဇော်၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ပြည့်ဖြိုးအောင်၊ အောင်ဇော်၊ အောင်သိုက်၊ အောင်ဟိန်းကျော်၊ ရန်အောင်ဝင်း၊ အလယ်တန်း-ဒေးဗစ်ဒန်း၊ မင်းမင်းသူ၊ ရန်အောင်ကျော်၊ ငြိမ်းချမ်းအောင်၊ ကျော်မင်းဦး၊ ရာဇာဝင်းသိန်း၊ စည်သူအောင်၊ ရှေ့တန်း-ရန်ပိုင်၊ ကျော်ကိုကို၊ ကောင်းစည်သူနှင့် ချစ်စုမိုးတို့ ပါဝင်ကြသည်။ ■

## ❍ မြန်မာနှင့်မှ

လျှော့တွက်ထားခြင်းမရှိဘဲ စည်းကမ်းဘောင်အတွင်းမှ အောင်မြင်မှုရရှိအောင် ကြိုးစားသွားမည်ဟုလည်း ကြားသိရသည်။

ပွဲစဉ်များမှာ ထွန်းထွန်းမင်း (မြန်မာ/မုဒ့်သား)နှင့် ခရွမ် (ထိုင်း) ငါးချီပွဲ၊ စောဂေါ်မူတို(မြန်မာ/သတ္တိ) နှင့် ဖူထိုင်း (ထိုင်း) ငါးချီပွဲ၊ ကြယ်စင်ဖြိုး(မြန်မာ/အဖြူရောင်သွေးသစ်) နှင့် ဝွန်ချန်ပဲ (ထိုင်း) ငါးပွဲချီ၊ စောလယ်ဘွယ်ထူး (T&T) နှင့် ထွန်းနိုင်ဦး (အဖြူရောင်သွေးသစ်) ငါးချီပွဲတို့ဖြစ်ပြီး ကျန်ပွဲများမှာ ရှမ်းလေး(ဝါဆို)နှင့် သန်းဇော်ဌေး (ငှက်အော်စမ်း) လေးချီပွဲ၊ စောဖြိုးဝေ (အဖြူရောင်သွေးသစ်)နှင့် ဖြူလေး (မုဒ့်သား) လေးချီပွဲ၊ ကျော်ဝင်းအောင် (ငှက်အော်စမ်း)နှင့် မောင်ကောင်း (T&T) လေးချီပွဲ၊ မိုက်မိုက် (T&T) နှင့် ခွန်ရှိုင်းထက် (အဖြူရောင်သွေးသစ်) သုံးချီပွဲ၊ သားအောင်ဘွဲ့မောင် (အဖြူရောင်သွေးသစ်) နှင့်သိန်းစိုး (ငှက်အော်စမ်း) သုံးချီပွဲတို့ အသီးသီး ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ယင်းပွဲစဉ်များကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ကြီးမှူး၍ H& S Group မှ စီစဉ်ပြီး ရန်ကုန်မြို့ သိမ်ဖြူအားကစားခန်းမ၌ မေ ၁၈ ရက် မွန်းလွဲ ၂နာရီတွင် ကျင်းပသွားမည်ဖြစ်ကာ ဝင်ကြေးများကို ကျပ် ၈၀၀၀၊ ၁၂၀၀၀၊ ၁၅၀၀၀ သတ်မှတ်ထားကြောင်း သိရှိရပြီး ကြိုတင်လက်မှတ်ဝယ်ယူလိုသူများ အနေဖြင့် အမှတ် ၁၈၀ (မြေညီထပ်) ၃၅ လမ်း အလယ် ကျောက်တံတားမြို့နယ်သို့ သွားရောက်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ၀၁-၂၄၉၁၁၇ နှင့် ၀၉-၂၅၄၂၁၄၁၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

# ကမ္ဘာ့ကျန်းမာရေး အထွေထွေညီလာခံကျင်းပမည်

**ဂျီနီဗာ မေ ၁၆**

(၆၇)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအထွေထွေညီလာခံ (WHA) ကို ဂျီနီဗာမြို့တွင် မေ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ WHO တွင် ဆုံးဖြတ်နိုင်ခွင့်ရှိသည့် ထိပ်သီးအဆင့်တွင် ပါဝင်သည်။ WHO အဖွဲ့ဝင်နိုင်ငံများအားလုံးတက်ရောက်ပြီး သီးခြားအဖွဲ့တစ်ရပ်အနေဖြင့် တိကျသော လုပ်ငန်းစဉ်တစ်ရပ်အပေါ် အလေးထားပြင်ဆင်သွားရန်ဖြစ်သည်။ အဓိကတာဝန်များမှာအဖွဲ့အစည်း၏ မူဝါဒများ အဆုံးအဖြတ်ပေးရန်၊ ညွှန်ကြားရေးမှူးချုပ်ခန့်အပ်ရန်၊ ငွေကြေးမူဝါဒများကြီးကြပ်ရန်နှင့် ဘတ်ဂျက်ပြန်လည်ဆန်းစစ် အတည်ပြုရန်တို့ဖြစ်ပြီး နှစ်စဉ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည်။

**(သန့်ဇင်ဝင်း)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အများပြည်သူ ဒစ်ဂျစ်တယ်စာကြည့်တိုက်ဝန်ဆောင်မှုပေးထား

**ရန်ကုန် မေ ၁၆**

"စာအုပ်စာပေလှူမိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ အလိမ္မာစာမှာရှိ" ဟူသော ဆောင်ပုဒ်များအရ ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင်အတွင်းရှိ ပြည်သူများ လေ့လာဖတ်ရှုရန်လွယ်ကူသော နေရာများတွင် စာပေရေချမ်းစင်များကိုစိုက်ထူထားပြီးဖြစ်သည်နှင့်အတူ မေ ၉ ရက်နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာမြို့နယ် ဒဂုံဧရာ အဝေးပြေးဝင်းအတွင်းရှိ ဟာသ်ာညီနောင်ကားဂိတ်နှင့် မင်္ဂလာဒုံမြို့နယ် အပြည်ပြည်ဆိုင်ရာလေဆိပ်ပြည်တွင်း ထွက်ခွာနေရာတို့တွင် ဗဟုသုတဖြစ်ဖွယ်ရာ သုတ၊ ရသ၊ စာအုပ်ပေါင်း ၆၃၉၉ အုပ်ကို Public Digital Library Service များတွင် စီစဉ်ဖြည့်ဆည်း ပေးထားကြောင်း သိရသည်။

အဆိုပါထားရှိသော Public Digital Library Service များကို ပြည်သူများ အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန်အတွက် စီစဉ်ထားရှိရာ မိမိတို့၏ Phone နှင့် Tablet များကို အင်တာနက်ချိတ်ဆက်ရန် မလိုဘဲ Phone နှင့် Tablet ရှိ Internet DATH Swith အားပိတ်၍ Phone, Tablet နှင့် Note-book ရှိ WiFi Swith အား ON ပြီးပါက Moi-Polls.Net အမည်ရှိ Hotspot အား Connect ပြုလုပ်၍ Web Browser Address Bar တွင် http://Moi-Polls.Net ကိုရိုက်ထည့်၍ Library Page ပွင့်လာမည်ဖြစ်ပြီး မိမိဖတ်ရှုလိုသော စာအုပ်စာပေ အမျိုးအစားကို ဘယ်ဘက် Menu တွင် ရွေးချယ်၍ အလိုရှိသော စာအုပ်များကို လွယ်ကူစွာ ရွေးချယ်ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်သီတာဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်တို့က ခရီးသွားပြည်သူများအား ပြည်သူ့ဝန်ဆောင်မှု စာပေရေချမ်းစင်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာအုပ်များကို ဖတ်ရှုရာတွင် Download Access ပေးထားသော စာအုပ်များနှင့် Read-only Access သာပေးထားသော စာအုပ်များဟု နှစ်မျိုးသတ်မှတ်ထားရှိ၍ Download Access ပေးထားသော စာအုပ်များသည် အသုံးပြု၍ ရသောစာအုပ်များဖြစ်၍ Download ပြုလုပ်၍ရသော စာအုပ်များကို Download ပြုလုပ်ပြီးပါက မည်သည့်နေရာရောက်ရောက် Public Digital Library Service ဖတ်ရှုရရှိနိုင်သော အကွာအဝေးမှ အတားအဆီးမရှိပါက မီတာ ၆၅၀ အတွင်း WiFi Signal ရရှိသော အကွာအဝေးအတိုင်း ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

## ဝန်ထမ်းအလိုရှိသည်

အတွင်းခံ လက်ကားဖြန့်ချိရေးတွင် တာဝန်ထမ်းဆောင်ရန် မန်နေဂျာ(၁)ဦး အလိုရှိသည်။ လုပ်ငန်းကျွမ်းကျင်မှုရှိရမည်။ အသက်(၂၅)နှစ်မှ (၄၀)အတွင်း လစာ(၈၀၀၀၀၀ိ/-)ဝန်းကျင်။

အိမ်အမှတ်(၁၆)၊ ၈၄လမ်း၊ ၂၃×၂၄ လမ်းကြား၊
မန္တလေးမြို့၊ ဖုန်း ၀၉-၂၅၀၈၀၀၀၆၉

## လားရှိုးမြို့၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား၊ အဆောက်အအုံမှန်များနှင့် ထရန်စဖော်မာတစ်လုံးပျက်စီး၊ လူထိခိုက်ဒဏ်ရာရရှိမှုမရှိ

**လားရှိုး မေ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ ယနေ့နံနက်ပိုင်းတွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားသဖြင့် အဆောက်အအုံမှန်များနှင့် ထရန်စဖော်မာတစ်လုံး ပျက်စီးသွားသော်လည်း လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် လားရှိုးမြို့ ရပ်ကွက်(၃)ဗိုလ်ချုပ်လမ်းနှင့် သဇင်လမ်းထောင့်ရှိ ကမ္ဘောဇဘဏ်အနောက်ဘက် ဝင်ပေါက် သံတံခါးအနီးနှင့် ရပ်ကွက်(၂) စံကောင်းလမ်းနှင့် သိန်းနီလမ်းထောင့်ရှိ CB ဘဏ် အဆောက်အအုံဘေးကပ်လျက်ရှိသည့် (၁၁/၀.၄)ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ(၂) စင်အောက်တို့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ကြောင့် ကမ္ဘောဇဘဏ်(၁) အနောက်ဘက် သံတံခါးပျက်စီးပြီး ဘဏ်အဆောက်အအုံတွင် တပ်ဆင်ထားသော မှန်များကွဲအက်ကာ အနီးရှိ အောင်သီရိရုပ်ရှင်ရုံအဆောက်အအုံမှ မှန်များလည်း ကွဲအက်သွားသည်။ အလားတူ CB ဘဏ်အဆောက်အအုံအနီးတွင် ပေါက်ကွဲမှုကြောင့် ထရန်စဖော်မာ ပျက်စီးသွားပြီး အနီးရှိအဆောက်အအုံများတွင် တပ်ဆင်ထားသည့် မှန်များလည်း ကွဲအက်သွားကြောင်း သိရသည်။

ယင်းပေါက်ကွဲမှုနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှု အန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၇-၅-၂၀၁၄ ရက်တွင် ရန်ကင်း၊ တောင်ဥက္ကလာ၊ သာကေတ၊ ဒဂုံ(တောင်ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဒဂုံ(အရှေ့)၊ ဗိုလ်တထောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ မြောက်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ အလုံ၊ စမ်းချောင်း၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ အင်းစိန်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

၃။ ၁၈-၅-၂၀၁၄ ရက်တွင် ရွှေပေါက်ကံ၊ ဒဂုံ(တောင်)၊ တောင်ဥက္ကလာ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(ဆိပ်ကမ်း)၊ သင်္ဃန်းကျွန်း၊ စမ်းချောင်း၊ လှိုင်သာယာ၊ ထန်းတပင်၊ ကြည့်မြင်တိုင်၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ ထောက်ကြန့်၊ မှော်ဘီ၊ တိုက်ကြီး၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ လှည်းကူးမြို့နယ် များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၇ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှု စနစ်အတွင်း ရှိဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်း ဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့်လူမှုရေးအခက်အခဲများ ပေါ်ပေါက် နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်**
**လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

## အဝေးပြေးခရီးသည်တင်ယာဉ်များ သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေး

**မန္တလေး မေ ၁၆**

အမြန်လမ်းများတွင် ခရီးသည်ပို့ဆောင်နေသော အဝေးပြေးယာဉ်လိုင်းများမှယာဉ်များအား သတ်မှတ်စည်းကမ်းချက်များအပါအဝင် ယာဉ်ကြံ့ခိုင်မှုနှင့်ခရီးသည်များ လုံခြုံစိတ်ချမှုရှိစေရေးတို့အတွက် ပူးပေါင်းအဖွဲ့များဖြင့် မေလ ၁၃ ရက်မှစ၍ စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။

"မေ ၁၃ ရက်က စတင်စစ်ဆေးခဲ့ပြီး ၁၄ ရက် ည ၈ နာရီမှာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ဆန်းကိုယ်တိုင် စစ်ဆေးမှု ပြုလုပ်ခဲ့ပါတယ်။ စစ်ဆေးတဲ့နေရာမှာ ကားကြီးတွေဆိုရင် ၃ ကီလိုဂရမ် မီးသတ်ဆေးဘူးနှစ်ဘူးနဲ့ ယာဉ်ငယ်တွေဆိုရင် တစ်ကီလိုဂရမ် မီးသတ်ဆေးဘူးတွေပါရမယ်။ ယာဉ်ပေါ်မှာ တစ်စုံတစ်ခုဖြစ်ခဲ့ရင် မှန်ခွဲပြီးအပြင်ကိုထွက်နိုင်အောင် ပုဆိန်တွေပါရမယ်။ ယာဉ်ကြံ့ခိုင်မှုရှိ၊ မရှိနဲ့ သတ်မှတ်ထားတဲ့ ယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦးတို့ ပါ၊ မပါ၊ ယာဉ်မောင်းလိုင်စင်ရှိ၊ မရှိ၊ လုပ်ငန်းလိုင်စင်ရှိ၊ မရှိနဲ့ သတ်မှတ်အလေးချိန်ထက်ကုန်တွေ ပိုမိုတင်ဆောင်ခြင်း မပြုလုပ်ဖို့ကို အဓိကစစ်ဆေးသွားမှာပါ။ စည်းကမ်းချက်နဲ့မကိုက်ညီခဲ့ရင် ပထမအကြိမ်အနေနဲ့ သတိပေးမယ်။ လုပ်ငန်းလိုင်စင်ယာယီ သိမ်းဆည်းပြီး ပြန်လည်စစ်ဆေးမှု ခံယူရပါမယ်။ နောက်တစ်ကြိမ်ဆိုရင်တော့ အရေးယူမှု တွေလုပ်ဆောင်သွားမှာပါ"ဟု ပူးပေါင်းအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ(အဝေးပြေး)၊ မီးသတ်ဦးစီးဌာနနှင့် မြို့တော်စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်ပြီး အဝေးပြေးဂိတ်များတွင် သာမက စကားဝင်းအဝိုင်းနှင့် တံခွန်တိုင်အဝိုင်းတို့တွင်လည်း တစ်ပတ်လျှင်သုံးကြိမ် စစ်ဆေးအရေးယူမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

### (၂၂)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

သားနှင့်သမီးတို့အပေါ် မေတ္တာကြီးမားစွာဖြင့် ပြုစုပျိုးထောင်စောင့်ရှောက်ပေးသော ချစ်ဖေဖေဦးထင်ဇော်ဝင်းနှင့်ချစ်မေမေဒေါ်ခင်ခင်အေးချိုတို့၏၁၇-၅-၂၀၁၄ ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ဘာသာ/သာသနာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သားကြီး-ဝဏ္ဏထင်ဇော် **(GARFIELD)**
သမီးငယ်-အေးဘုန်းပြည့်ချို**(BARBIE)**

### ငွေရတုရက်မြတ်မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးမျိုးဆက်အောင်(ညွှန်ကြားရေးမှူး၊လူမှုဝန်ထမ်းဦးစီးဌာန) နှင့် ချစ်မေမေ ဒေါ်မို့မို့အေး (အ. ထ. ပြ ဒဂုံ-၂)တို့၏ ၁၇-၅-၂၀၁၄ ရက်တွင် ကျရောက်သာ ငွေရတုရက်မြတ်မင်္ဂလာနှင့် ချစ်မေမေ၏ မွေးနေ့မင်္ဂလာအတွက် ငွေရတုမှသည် ရွှေရတုတိုင်အောင် ကျန်းမာပျော်ရွှင်ပြီး သာသနာအကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး-သဇင်ထက်ထက်
သမီးလတ်-အေးမြတ်သက်ငုံ
သမီးငယ်-သိမ့်စန္ဒီထက်


### ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအဆင့်ဆင့်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်(၁၇)စီးအား မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| (က) | Toyota Landcruiser | (၄)စီး |
| (ခ) | Mini Bus(Toyota) | (၄)စီး |
| (ဂ) | Toyota Kluger | (၈)စီး |
| (ဃ) | Pick Up(Toyota) | (၁)စီး |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၉-၅-၂၀၁၄ရက်(တနင်္လာနေ့)မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးမည်ဖြစ်ပြီး ၁၈-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ၁၆း၃၀ နာရီ နောက်ဆုံးထား၍ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်းနံပါတ်(၀၇၄-၂၉၅၄၁၊ ၀၇၄-၂၂၇၂၇၊ ၀၇၄-၂၃၆၁၇)များသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့





# မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့ မင်္ဂလာကျုံး ပြန်လည်တူးဖော်ပြုပြင်ဆောင်ရွက်တော့မည်

**ရမည်းသင်း၊ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် မင်္ဂလာကျုံးကြီး ပြန်လည်တူးဖော်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် ရမည်းသင်းခရိုင် နယ်မြေတာဝန်ခံ တိုင်းလျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြကြောင်းသိရသည်။

ယင်းသို့ဆောင်ရွက်ရခြင်းမှာ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်မြင်နိုင်ရေးအတွက် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရသည်။

ယင်းမင်္ဂလာကျုံးကြီးသည် မြို့အတွင်း၌တည်ရှိပြီး၊ မြို့တည်စဉ်ကာလကပင် တစ်ပြိုင်တည်းတည်ဆောက်ခဲ့သည်ဟု သမိုင်းစာပေအထောက်အထားအရ သိရပြီး နှစ်ကာလကြာလာသည်နှင့်အမျှ မင်္ဂလာကျုံးအတွင်း၌ သဲ၊ နွံများ ပို့ချမှုများလာခြင်း၊ ဗေဒါနှင့် ဒိုက်ပင်များ ရောနှောပေါက်ရောက်နေခြင်း၊ ကျုံးပေါင်များပျက်စီးယိုယွင်းမှုများ ဖြစ်နေခြင်းကြောင့် ကျုံးမှာ တိမ်ကောလျက်ရှိပြီး ရေကိုလည်း ပြည့်ဝစွာမသိုလှောင်နိုင်ကြောင်း သိရသည်။

ယင်းမင်္ဂလာကျုံးအတွင်းမှရေကို သုံးရေ၊ တိရစ္ဆာန်များသောက်သုံးရေနှင့် အရေးပေါ်အသုံးပြုရေအဖြစ် အသုံးပြုကြသကဲ့သို့ ကျုံးအတွင်းရေရှိနေပါက ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုရှိသကဲ့သို့ အပူချိန်ကိုလည်း လျော့ကျစေသည်ဟု သိရသည်။

ထို့ကြောင့် မင်္ဂလာကျုံးကြီး ပြန်လည်တူးဖော်ပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကာ မေလတတိယပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ထားဝယ်မြို့တွင် အလုပ်အကိုင် အခွင့်အလမ်းနှင့် ပတ်သက်၍ ဆွေးနွေး ဟောပြောပွဲ ကျင်းပ

**ထားဝယ်၊ မေ ၁၆**

လူငယ်မောင်မယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ Myanmar Information Technology Pte; Ltd(MIT) မှ The Futur of Mobile and Cloud Application Development ဟောပြောပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြစိမ်းမင်္ဂလာခန်းမတွင် ကျင်းပရာ Myanmar Information Technology Pte ; Ltd မှ Chief Executive Officer Dr. U Tun Thura Thet က အလုပ်အကိုင်အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ Myanmar Information Technology Pte; Ltd မှ တာဝန်ရှိသူများ၊ အလုပ်လျှောက်လွှာတင်မည့် လူငယ်များ ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

# မကွေးမြို့ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မကွေး၊ မေ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြသလွန်ဘုရားကြီးအနီး အောင်ဓမ္မရက္ခိတကျောင်းတိုက်တွင် ဝေဠုဝန်ဆရာတော်၏ ဩဝါဒနှင့် အညီ အောင်ဓမ္မရက္ခိတဆရာတော် အရှင်ပညာဗလ ဦးစီးကျင်းပသည့် တတိယအကြိမ်မြောက် ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ဗုဒ္ဓဘာသာ ပထမအဆင့်နှင့် ဒုတိယအဆင့် သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၃ ရက် (ကဆုန်လပြည့်နေ့) နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ယင်းအခမ်းအနားတွင် ယဉ်ကျေးလိမ္မာ ပြောဆို၊ ဝတ်စားဆင်ယင်မှုဆု၊ ကဗျာရေးဖွဲ့မှုဆု၊ ရင့်ဖွင့်ဆု၊ မြန်မာစာရေးဖွဲ့မှုဆု၊ စည်းကမ်းလိုက်နာမှုဆုနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့်ပတ်သက်သည့် ကျပန်းစကားပြောပြိုင်ပွဲတို့ပါဝင်ကြောင်း၊ ဆုတစ်ဆုလျှင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် နှစ်သိမ့်ဆုများလည်း ပါဝင်ကြောင်း၊ ဆုရရှိသူ ၅၇ ဦးရှိကြောင်း သိရသည်။

သင်တန်းကာလမှာ မတ် ၂၈ ရက်မှ ဧပြီ ၆ ရက်ထိ ဖြစ်ပြီး သင်တန်းကာလ ၁၀ ရက်ဖြစ်ကြောင်း သင်တန်းသား၊ သင်တန်းသူ ၂၀၀ နီးပါးခန့်ရှိကြောင်း၊ မကွေးမြို့မှ စာပေဆုရှင် စာရေးဆရာ၊ ဆရာမများ၊ ကျန်းမာရေးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှ နည်းပြများက သင်ကြားပို့ချခဲ့ကြောင်း၊သင်တန်းဆရာ၊ဆရာမများနှင့်ဝေယျာဝစ္စလုပ်အားဒါနရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း၊ မကြာမီ အခမဲ့ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြောသင်တန်းအား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ကောင်းသုတ(မင်းဘူး)**

# ဧရာဝတီမြစ်အတွင်း ပဲ့တောင်ရေယာဉ်ဆိပ်ကမ်း၌ ရေချိုးစဉ် ရေထဲမှဗုံးသီးဟောင်းတစ်လုံးတွေ့ရှိ

**အောင်လံ၊ မေ ၁၆**

သရက်ခရိုင်၊ အောင်လံမြို့၊ တရောက်ကုန်းရပ်ကွက်ရှိ အောင်လံ-သရက် ပဲ့တောင်ရေယာဉ်ဆိပ်ကမ်းတွင် မေ ၁၃ ရက် ညနေ ၅ နာရီ ၄၅ မိနစ်၌ တင်ထွန်း ဇေယျာဝတီရပ်ကွက် အောင်လံမြို့နေသူသည် ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးစဉ် ဗုံးသီးဟောင်းတစ်လုံး ရေထဲမှ တွေ့ရှိခဲ့သည်။

၎င်းသတင်းအရ အောင်လံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ်ရဲမှူး ရဲမှူးတင်ကိုကို၊ အောင်လံမြို့မ စခန်းမှူး ဒုရဲမှူး ခင်မောင်ကျော်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များ အောင်လံ-သရက်ပဲ့တောင်ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အလျား ၁၉ လက်မ၊ အချင်း ၄ လက်မခန့်ရှိ ဗုံးသီးဟောင်း၊ အမျိုးအစားမသိ တစ်လုံး တွေ့ရှိခဲ့သည်။ ထိုဗုံးသီးအဟောင်းတွေ့ရှိမှုနှင့် ပတ်သက်၍ အောင်လံမြို့နယ်၊ ခလရ (၇၁) သို့ ဆက်သွယ် အကြောင်းကြားခဲ့ရာ ခလရ(၇၁) မှ ဗိုလ်ကြီးဇေယျာဝင်းနှင့်အဖွဲ့ ရောက်ရှိပြီး အဆိုပါဗုံးသီးအား လွှဲပြောင်းလက်ခံယူခဲ့ကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

# ပေ ၅၀ ခန့်ရှိချောက်ထဲတွင် လည်ပင်းအပေါက်ဒဏ်ရာဖြင့် အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိ

**တာချီလိတ်၊ မေ ၁၆**

မေ ၁၃ ရက်၊ မွန်းလွဲ ၁၂ နာရီခွဲကတာချီလိတ်မြို့မရဲစခန်းမှ ဒုရဲအုပ်ကိုကိုဦး တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် လွယ်တော်ခမ်းအုပ်စု၊ တာချီလိတ်-မိုင်းဆတ်သွား ကားလမ်းမဘေး ချောက်ထဲတွင် အမျိုးသားလူသေအလောင်းတစ်လောင်းတွေ့ရှိရကြောင်း လွယ်တော်ခမ်းပူးပေါင်းဂိတ်ရှိ လွယ်တော်ခမ်းပြည်သူ့စစ် အားဘူ၏ ဖုန်းဖြင့်သတင်းပေးချက်အရ တာချီလိတ်မြို့မရဲစခန်းမှ စခန်းမှူးနှင့် အဖွဲ့ဝင်များ ပြည်သူ့စစ်အားဘူ၊ ယောဆက်၊ တာချီလိတ် နာရေးကူညီမှုအသင်းမှ ဥက္ကဋ္ဌ ဦးလှမိုးတို့နှင့်အတူ အခင်းဖြစ်ရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အခင်းဖြစ်နေရာတွင် သေဆုံးသူမှာ မောင်လှိုင်မင်းထွန်း ၂၄ နှစ် ဆိုင်ကယ်တက္ကစီမောင်းလုပ်ကိုင်သူ အမှတ်(၂) ချစ်ကြည်ရေးတံတားအနီး၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့နေထိုင်သူဖြစ်ကြောင်း သိရှိပြီး ၎င်း၏လည်ပင်းရှေ့တွင် အပေါက်ဒဏ်ရာတစ်ချက်ရှိပြီး သွေးထွက်၍ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

မောင်လှိုင်မင်းထွန်း သေဆုံးခြင်းအား ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်-မဟုတ် တာချီလိတ်မြို့မရဲစခန်းက စစ်ဆေးစုံစမ်းသွားမည်ဖြစ်ပြီး အဆိုပါအလောင်းအား သေမှုသေခင်း အမှတ်စဉ် (၁၁/၂၀၁၄) ဖြင့် စခန်းမှူး ဒုရဲမှူးကျော်သန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

> **ဖြည့်စွက်ဖတ်ရှုပါရန်**
>
> ၁၄-၅-၂၀၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၅) ပါ "ပဲခူးတိုင်းဒေသကြီးအတွင်း တစ်ခုတည်းရှိသော အထင်ကရမြို့ကျက်သရေဆောင် နာရီစင်ကြီး" အစား "ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နာရီစင်ကြီး" ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

# မကွေးတိုင်းဒေသကြီး ပေါက်မြို့တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ပေါက်၊ မေ ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့တွင် မြို့နယ်ဥပဋ္ဌာကအဖွဲ့မှ ကြီးမှူးကျင်းပသော အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၂ ရက် နံနက် ၇ နာရီတွင် မြို့လယ် သာသနာ့ဗိမာန်တော်အတွင်း၌ ကျင်းပရာ ပူဇော်ပွဲသို့ ပေါက်မြို့ပေါ် ကျောင်းတိုက်အသီးသီးမှ ဆရာတော်သံဃာတော်များ ကြွရောက်ရွတ်ဖတ် ပူဇော်ပေးကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ကဆုန်လဆန်း ၁၄ ရက်မှ ကဆုန်လပြည့်နေ့အထိ ရွတ်ဖတ်ပူဇော်ပြီး ကဆုန်လပြည့်နေ့တွင် ကြွရောက်တော်မူကြကုန်သောဆရာတော်သံဃာတော် အရှင်သူမြတ်များအား မြို့သူမြို့သားများက လှူဖွယ်ဝတ္ထုအစုစုနှင့်နဝကမ္မအလှူငွေများ လှူဒါန်းမှုများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **အောင်(မန်းတက္ကသိုလ်)**

# ကလေးမြို့ လမ်းဆုံမီးပွိုင့်မှ ဆေးရုံကြား လမ်းသားတိုးချဲ့ ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်

**ကလေး၊ မေ ၁၆**

ကလေးမြို့လမ်းဆုံမီးပွိုင့်မှ ဆေးရုံကြားရှိလမ်းကို တစ်ဖက်လျှင်လေးပေဖြင့် လမ်းသားတိုးချဲ့ခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်နှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားမှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက မေ ၁၄ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"ကလေး-ကလေးဝလမ်းက အမြဲတမ်းပဲ ဆိုင်ကယ်တွေ၊ ကားတွေ၊ သုံးဘီးတွေနဲ့ ပြည့်နေတာပါ။ ယာဉ်မတော်တဆထိခိုက်မှုဖြစ်မှာကို စိုးရိမ်ရပါတယ်။ လမ်းကလည်းကျဉ်း၊ ယာဉ်ကလည်းများဆိုတော့ အခုလို လမ်းချဲ့လိုက်တာကောင်းပါတယ်" ဟု ဘုရင့်နောင်လမ်းမှ ဒေသခံတစ်ဦးက ပြောသည်။

"မေ ၇ ရက်က စလုပ်တာပါ။ လုပ်ငန်းကတော့ ၇၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ လမ်းသားကိုတော့ တစ်ဖက်လေးပေစီ ချဲ့တာပါ။ အကျယ် ရှစ်ပေရအောင်လို့ပါ။ ရေနုတ်မြောင်းတွေကိုလည်း အကျယ်နှစ်ပေခြောက်လက်မနဲ့ အနက်နှစ်ပေ တူးပါတယ်။ မူလပလတ်ဖောင်းကို ဖြိုဖျက်ပြီး လမ်းသားတိုးချဲ့တာနဲ့ ရေမြောင်းတူးတာကိုတော့ မြို့နယ်စည်ပင်က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ တိုးချဲ့လိုက်တဲ့လမ်းကိုတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ခင်းပေးမှာ ဖြစ်ပါတယ်။ ရေမြောင်းအဖုံးတွေနဲ့ အုတ်စီရေမြောင်းပြုလုပ်ခြင်းတွေကို ပြည်သူရဲ့ပူးပေါင်းပါဝင်မှုနဲ့ ဆောင်ရွက်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**လင်းလက်ကြယ်စင်**

# မန္တလေး အောင်မြေသာစံမြို့နယ် အသက် ၇၅ နှစ်နှင့်အထက်ဘိုးဘွားများအား ပူဇော်ပွဲကျင်းပ

**မန္တလေး၊ မေ ၁၆**

နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ကျင်းပပြုလုပ်လျက်ရှိသော မန္တလေး အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးရုံးအဖွဲ့နှင့် စေတနာရှင်ကုသိုလ်ရှင်များ၏ (၂၆) ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို မေ ၁၃ ရက် နံနက် ၈ နာရီက အဆိုပါရပ်ကွက်ရှိ မိုးခင်ဇော်-၂ စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ရပ်ကွက်အတွင်းရှိ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွား ၇၈ ဦးတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဆန်းနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဂါရဝပြုပူဇော်ကန်တော့ကြသည်။

ရပ်ကွက်ပြည်သူ စေတနာရှင် အလှူရှင်များစုပေါင်းလှူဒါန်းမှုဖြင့် ဘိုးဘွားတစ်ဦးလျှင်ငွေကျပ် ၁၅၂၀၀ နှင့် ဂါရဝပြုပစ္စည်းများ၊ အလှူရှင် ဒေါက်တာကျော်သိန်း-ဇနီးဒေါ်သန်းသန်းဝင်း ရွှေသိန်းဆန်ခေါက်ဆွဲလုပ်ငန်းမိသားစုကငွေသား၃၀၀၀ကျပ်စီနှင့် ဂါရဝပြုပစ္စည်းကျပ် ၆၀၀၀တန်ဖိုးစီ၊ ဘိုးဘွားတစ်ဦးချင်းစီကို ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံဌေး (အငြိမ်းစား-ကျောင်းအုပ်ဆရာကြီး) က ရေဒီယို၊ ကက်ဆက် ၂၄ လုံးကို ဘိုးဘွားတို့အား မဲဖောက်လှူဒါန်းပေးပြီး ရပ်ကွက်နေ ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**တင်မောင်(မန္တလေး)**

# ယာဉ်နှစ်စီးတိမ်းရှောင်ရာမှ ယာဉ်တိုက်မှုဖြစ်တရား မဝင်တမလန်းသစ်များ ဖမ်းဆီးရမိ

**ခင်ဦး၊ မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွှေဘို-မြစ်ကြီးနားကားလမ်း (ကြို့ကန်ကျေးရွာအနီး) မိုင်တိုင်အမှတ် ၁၀/၃ အနီး၌ မော်တော်ယာဉ်နှစ်စီး တိမ်းရှောင်ရာမှ ယာဉ်တိုက်မှုဖြစ်ပေါ်ပြီး တရားမဝင်သယ်ဆောင်လာသော တမလန်းသစ် ခန့်မှန်း ၂ ဒသမ ၅၆၆ တန် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက်က ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ်၌ ယာဉ်နှစ်စီးတိမ်းရှောင်ရာ ရွှေဘိုသို့သွားမည့် ယာဉ်မောင်းဇော်မျိုးထွန်းမောင်းနှင်သော အောင်ရတနာ မှန်လုံခရီးသည်တင်ယာဉ်နှင့် ရွှေဘိုဘက်မှ မောင်းနှင်လာသည့် ယာဉ်မောင်းအမည်မသိ၏ ဒိုင်နာယာဉ်တို့ တိုက်မိကြောင်း သိရသည်။

ဒိုင်နာယာဉ်ပေါ်တွင် တမလန်းသစ် ၃၉ တုံး ၂ ဒသမ ၅၆၆ တန်ခန့်ကို ဖွဲအိတ်များဖုံးအုပ်ပြီး တင်ဆောင်လာကြောင်း၊ မှန်လုံယာဉ်၏နောက်ပိုင်းနှင့် တိုက်မိရာ မှန်လုံယာဉ်၏ တံခါးနှင့်ရှေ့မှန်များ ပျက်စီးပြီး ဒိုင်နာယာဉ်မှာ နောက်ဘီးလေးဘီး ပြုတ်ထွက်သွားသော်လည်း ခရီးသည်များနှင့် မည်သူတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ယာဉ်နှစ်စီး၏ ပျက်စီးမှုတန်ဖိုးမှာ ကျပ်သုံးသောင်းခန့်ဖြစ်ကြောင်း၊ သစ်ခိုးယူတင်ဆောင်လာသော ယာဉ်မောင်းနှင့် သစ်ပိုင်ရှင်တို့မှာ ထွက်ပြေးတိမ်းရှောင်နေ၍ စုံစမ်းဆဲဖြစ်ပြီး ခင်ဦးရဲစခန်းက ယာဉ်(ပ)၉/၁၄ ပြစ်မှုပုဒ်မ-၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရောင်နီတင်ဝင်း**

# မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဆင်ဖြူကုန်း ကျေးရွာဒေသခံ ပြည်သူများနှင့်တွေ့ဆုံ

**မကွေး၊ မေ ၁၆**

မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်သည် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီ တွင် ပခုက္ကူမြို့နယ်၊ ဆင်ဖြူကုန်းကျေးရွာသို့ ရောက်ရှိကာ ဒေသခံရွာသူရွာသား ၃၀ ခန့်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဦးရဲမြင့်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပွင့်လင်းစွာတင်ပြ ဆွေးနွေးရန်ပြောကြားခဲ့ရာ ဒေသခံ ဦးသိန်းဖန်းက ကွန်ပျူတာတက္ကသိုလ်ကျောင်းဟောင်း ထရန်စဖော်မာမှ မီးသွယ်တန်းခွင့်ရရှိရေး တင်ပြခဲ့ပြီး၊ ဦးလှရွှေက ကွန်ပျူတာတက္ကသိုလ် ကျောင်းဟောင်းဆောက်လုပ်စဉ်က သိမ်းဆည်းခံရသော ကျေးရွာနေတောင်သူ ခုနစ်ဦး၏ မြေ ၅၁ ဒသမ ၇၁ ဧက၊ ကွင်းအမှတ် ၃၅၂ အား ပြန်လည်ရရှိစေရေး ဆောင်ရွက်ပေးရန်တို့ကို တင်ပြခဲ့ကြကြောင်း သိရသည်။

အဆိုပါ တင်ပြမှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်က တိုင်းဒေသကြီးအစိုးရထံ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ ကဆုန်ညောင်ရေသွန်း

**မကွေး၊ မေ ၁၆**

မကွေးမြို့၊ မြသလွန်ဘုရားစေတီတော်ရင်ပြင် အင်္ဂါထောင့်အောင်မြေရပ်ရှိ မဟာဗောဓိညောင်ပင်အား မေ ၁၃ ရက် နံနက် ၇ နာရီတွင် ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက နွားနို့ဖြင့်ညောင်ရေသွန်းလောင်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ ညောင်ရေ သွန်းလောင်းပွဲကျင်းပရာသို့ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စမ်းစမ်းမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့် အဖွဲ့ဝင်များက ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

၎င်းညောင်ရေသွန်း အခမ်းအနားသို့ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အပါအဝင် လူဦးရေ ၁၀၀ ခန့် တက်ရောက်၍ ညောင်ရေသွန်းလောင်း ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**







## ပေါက်မြို့နယ် ရွှေပေါက်ပင်ရပ်ကွက် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲကျင်းပ

**ပေါက်၊ မေ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ရွှေပေါက်ပင်ရပ်ကွက် စွယ်ကျောင်းဆရာတော် ဘဒ္ဒန္တကေသရကြီးမှူး၍ လူငယ်များယဉ်ကျေးလိမ္မာပြီး၊ အမျိုး ဘာသာ သာသနာအပေါ် ချစ်မြတ်နိုးကာ စောင့်ရှောက်တတ်စေရန်၊ မိဘဆရာသမားများအပေါ် ရိုသေကိုင်းရှိုင်းတတ်စေရန် ရည်ရွယ်၍ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကံစွယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသရက သင်တန်းသား၊ သင်တန်းသူများအား ဆုံးမဩဝါဒကထာ မြွက်ကြားတော်မူပြီး ဆရာတော်က သင်တန်းထူးချွန်ဆုရသူရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းသင်တန်းကို ဧပြီ ၂၈ ရက်မှ မေ ၉ ရက်အထိ သင်ကြားပို့ချပေးခဲ့ကာ သင်တန်းနည်းပြဆရာတော် ဦးသိရိန္ဒနှင့် သီလရှင်ဆရာကြီး ဒေါ်ခေမာစာရီတို့က သင်တန်းသား၊ သင်တန်းသူ ၁၅၀ တို့အား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

## ရွှေစက်တော်ဘေးမဲ့တောတွင် တပ်ဆင်ထားသည့် ကင်မရာထောင်ချောက်တစ်လုံး ပျောက်ဆုံး

**မကွေး၊ မေ ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ရွှေစက်တော်ဘေးမဲ့တောအတွင်း မင်းဘူးမြို့ သစ်တောဦးစီးဌာနနှင့် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ရေးရာ အေဂျင်စီတို့ပူးပေါင်းပြီး တောရိုင်းတိရစ္ဆာန် နို့တိုက်သတ္တဝါစာရင်းကောက်ယူနိုင်ရေးအတွက် ကင်မရာထောင်ချောက်အလုံး ၃၀ အား သစ်တောအတွင်းရှိ သစ်ပင်များတွင် တပ်ဆင်ထားခဲ့ရာ ဧပြီ ၃၀ ရက်တွင် ကင်မရာများအား ပူးပေါင်းအဖွဲ့ဝင်များနှင့် လိုက်လံစစ်ဆေးခဲ့ရာတွင် Reconyx MINA-၂၃ အမျိုးအစား ကင်မရာတစ်လုံး ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထိုကင်မရာပျောက်ဆုံးမှုနှင့်ပတ်သက်၍ အနီးဝန်းကျင်အား လိုက်လံစုံစမ်းသော်လည်း မတွေ့ရှိသောကြောင့် အဆိုပါကင်မရာအား ခိုးယူသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် ရွှေစက်တော်ဘေးမဲ့တော ဦးစီးအရာရှိက တိုင်တန်းခဲ့သည်။

ဎင်းတိုင်တန်းမှုနှင့် ပတ်သက်၍ မင်းဘူးမြို့နယ်၊ စကုနယ်မြေရဲစခန်းက (ပ)၁၆/၂၀၁၄၊ ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

## ၂၀၁၄ – ၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအကောင်အထည်ဖော်

**တာချီလိတ်၊ မေ ၁၆**

ကျေးလက်ဒေသနေပြည်သူများအား အရင်းမပျောက်မတည်ငွေဖြင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်သည့် အဆင့်မှ စီးပွားရေးလုပ်ငန်းများ တိုးတက်လည်ပတ်ဆောင်ရွက်နိုင်ရန် ရည်ရွက်၍ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့နယ်အတွင်း ၂၀၁၄ ခုနှစ်တွင် မြစိမ်းရောင် စီမံကိန်းအကောင်အထည်ဖော်ရန် ကျေးရွာ ခုနစ်ရွာအား အတည်ပြုရွေးချယ်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါစီမံကိန်းလုပ်ငန်းများအား ၂၀၁၄ ခုနှစ် ဇွန်လဆန်းမှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အခြေအနေများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မေ ၁၄ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# ခွင့်ပြုငွေဖြင့် ကျောက်ပန်းတောင်းမြို့နယ်တွင် နယ်မြေမီးသတ်တပ်ဖွဲ့စခန်းခွဲများ ထားရှိရန် စီစဉ်

**ကျောက်ပန်းတောင်း၊ မေ ၁၆**

ကျေးလက်ဒေသများ မီးဘေးအန္တရာယ် ကြိုတင်တားဆီး ကာကွယ်နိုင်ရေးနှင့် မီးလောင်ဆုံးရှုံးမှုများ လျော့နည်း ကျဆင်းစေရေးတို့အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုငွေဖြင့် ကျောက်ပန်းတောင်းမြို့နယ်တွင် ပုပ္ပါးကျေးရွာအုပ်စု၊ ပုပ္ပါးနှင့် စိတ္ထိန်းကျေးရွာအုပ်စု၊ စိတ္ထိန်းကျေးရွာတို့တွင် နယ်မြေမီးသတ်တပ်ဖွဲ့စခန်းခွဲများ ဖွင့်လှစ်ထားရှိသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ မီးသတ်တပ်ဖွဲ့စခန်းခွဲများ ထားရှိနိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှူးမှ ဒေသခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာတာဝန်ရှိသူများအား တွေ့ဆုံ၍ စခန်းခွဲမြေနေရာရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နယ်မြေမီးသတ်တပ်ဖွဲ့စခန်းခွဲ ဆောက်လုပ်ထားရှိရန် သတ်မှတ်မြေအကျယ်အဝန်းမှာ ပေ ၂၀၀ ပတ်လည်ဖြစ်သော်လည်း ပုပ္ပါးကျေးရွာတွင်ကျေးရွာပိုင်မြေ ၁၀၀ပေ × ၁၅၀ ပေသာ ရရှိထားပြီး၊ စိတ္ထိန်းကျေးရွာတွင် ကျေးရွာပိုင်မြေ ၁၇၅ ပေ × ၁၃၅ ပေသာ ရရှိသေးသဖြင့် သတ်မှတ်မြေအကျယ်အဝန်း ရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်အနေနဲ့ ဒီကျေးရွာမီးသတ်စခန်းခွဲတွေ ဖွင့်လှစ်နိုင်မယ်ဆိုရင် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အများကြီး အထောက်အကူဖြစ်မှာပါ။ မီးသတ်စခန်းခွဲဆိုပေမယ့် ဖွဲ့စည်းပုံအနေနဲ့ သုံးယူနစ်စခန်းအဖြစ်ထားရှိသွားမှာဖြစ်ပါတယ်။ စခန်းခွဲတစ်ခုကို မီးငြိမ်းသတ်ယာဉ်တစ်စီးနဲ့ ရေသယ်ယာဉ်တစ်စီး ပေါင်းနှစ်စီးထားရှိမှာဖြစ်တဲ့အပြင်၊ အမြဲတမ်း ဝန်ထမ်းဖွဲ့စည်းပုံနဲ့ ထားရှိဆောင်ရွက်သွားမှာဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေနဲ့ လုပ်ဆောင်သွားမယ်လို့ သိရပါတယ်"ဟု မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှူး ဦးအောင်ကျော်ဝင်းက ပြောသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ရမည်းသင်းမြို့နယ်တွင် သံဃာ့ဒါနဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပ

**ရမည်းသင်း၊ မေ ၁၆**

ရမည်းသင်းမြို့၊ မင်းသမီးဘုရားကြီး၏ ပရဝဏ်တွင် မြို့လုံးကျွတ်သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ကဆုန်လပြည့်နေ့ မွန်းလွဲ ၃ နာရီတွင် ကျင်းပခဲ့သည်။

ယင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၄၀ မှ သံဃာအပါး ၅၀၀ ကျော် ဆွမ်းဆန်စိမ်းအလှူခံကြွတော်မူရာ ရပ်ကွက်အသီးသီးမှ အလှူရှင်များက ဆွမ်းဆန်တော်၊ ဝတ္ထုငွေ၊ ဖျော်ရည်ဘူး၊ ဆပ်ပြာ၊ စာအုပ်နှင့် လှူဖွယ်အစုစုတို့ကို သဒ္ဓါကြည်ဖြူ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူပင် ရမည်းသင်းမြို့နယ် ကန့်အောက်(ခ)ကန့်ထက်ကျေးရွာ ရတနာသာသနာ့ဗိမာန်ကြီးတွင်လည်း (၂၆) ကြိမ်မြောက် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပခဲ့ရာ မြို့နယ်ဩဝါဒစရိယ ဆရာတော်ကြီးများ၊ ရပ်/ကျေး သံဃနာယကဆရာတော်များ၊ ရပ်ကျေးအုပ်စု သံဃာတော်များ ဆွမ်းဆန်စိမ်း အလှူခံကြွတော်မူကြကြောင်းသိရသည်။

ကဆုန်လပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ ဘုရား၊ စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများတွင် ကောင်းမှုကုသိုလ်ပြု ဒါန-သီလဆောက်တည်ပွားများလျက်ရှိသူများပြားလျက်ရှိကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

Ph:09-5418136

MALIHKU
REAL ESTATE
Tel : 09 500 7647, 09 503 1621

# ပန်းတနော်မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ပြီးစီး

**ပန်းတနော်၊ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်အတွင်းရှိ ရွှေကျောင်းမြောက်ကျေးရွာအုပ်စု၊ ဂုံမင်းကျေးရွာနှင့် မိမ္မပြေးကျေးရွာအုပ်စု၊ မိမ္မပြေးကျေးရွာနှင့် ဒလကျေးရွာ ဆက်သွယ်သည့် လမ်းအရှည် သုံးမိုင်လေးဖာလုံ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဧပြီလ နောက်ဆုံးပတ်က စတင်ဆောင်ရွက်လျက်ရှိရာ မြေသားလမ်း နှစ်မိုင်ကျော်ကို ဖောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိမ္မပြေး-ဒလ မြေသားလမ်းအား ဂုံမင်းကျေးရွာ ကျောက်ချောလမ်းအထိ ဆက်သွယ်ဖောက်လုပ်ခြင်းဖြင့် ပန်းတနော်မြို့အထိ တိုက်ရိုက်သွားလာနိုင်ပြီး အချိန်တိုအတွင်း အခြားမြို့ကြီးများသို့ သွားလာနိုင်ကြောင်း သိရသည်။ ယခုဖောက်လုပ်သည့် မြေသားလမ်းမှာ အကျယ် ၁၆ ပေ၊ အမြင့် ၄ ပေရှိပြီး ကုန်ကျငွေ ကျပ်သိန်း ၂၅၀ ခန့်ကို မိမ္မပြေးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြအောင်နှင့် ကျေးရွာရပ်မိရပ်ဖများက ရန်ပုံငွေရှာဖွေရေးကော်မတီ ဖွဲ့စည်းကာ အလှူရှင်များ၊ ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ခြင်းဖြစ်သည်။

လမ်းဖောက်လုပ်ရာတွင် မိုးမကျမီ လုပ်ငန်းပြီးမြောက်စေရန် ရန်ကုန်မြို့မှ ဘက်ဖိုးမြေတူးစက် အကူအညီဖြင့် ဖောက်လုပ်လျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမန်းသက်တင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကိုတင့်တို့၏ ကြီးကြပ်မှုဖြင့် မေလကုန်အတွင်း လုပ်ငန်းပြီးစီးရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းပြီးစီးသွားပါက ပြလင်းကျေးရွာအုပ်စု၊ မြစ်ဝကျေးရွာအုပ်စု၊ ထိန်ကုလားကုန်းကျေးရွာအုပ်စု၊ တူးချောင်းကျေးရွာအုပ်စု၊ ခနွဲကဘိုကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသထွက်ကုန်များ ပန်းတနော်မြို့မှတစ်ဆင့် မြို့ကြီးများသို့ အချိန်မီ ပို့ဆောင်နိုင်၍ စီးပွားရေးများ တိုးတတ်လာမည်ဖြစ်သည်။

**ခင်မောင်ဇော်မြင့်**

## ပြင်ဦးလွင်ရပ်ကွက်တွင် သောက်သုံးရေဖူလုံစွာရရှိ

**ကောလင်း၊ မေ ၁၆**

ကောလင်းမြို့ ပြင်ဦးလွင်ရပ်ကွက်တွင် ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အများသုံးသောက်သုံးရေကန်အတွက် ကွန်ပရပ်ဆာတစ်လုံးလှူဒါန်း၍ ဒေသခံပြည်သူများ သောက်သုံးရေ မပြတ်လပ်စေရေး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီတို့၏ ကြီးကြပ်မှုဖြင့် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိသဖြင့် ပြင်ဦးလွင်ရပ်ကွက်တွင် ယခင်နှစ်များထက် သောက်သုံးရေဖူလုံစွာ ရရှိလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဗန်းမောက်မြို့နယ်အပိုင်လမ်းများ ပြုပြင်မှုကိုစစ်ဆေး

**ဗန်းမောက်၊ မေ ၁၆**

အများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကသာ-အင်းတော်-မံစီကားလမ်း (ဗန်းမောက်မြို့နယ်အပိုင်း) လမ်းများပြုပြင်နေမှုအား ကြည့်ရှုစစ်ဆေးခြင်းကို မေ ၁၄ ရက် နံနက် ၆ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် အင်းတော်မြို့နယ်မှ ထွက်ခွာလာပြီး လမ်းတစ်လျှောက်စစ်ဆေးခဲ့ပြီးဝန်ကြီးသည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ အရှေ့မြောက်နဂါးကုမ္ပဏီက တာဝန်ယူလမ်းခင်းနေသည့် ဗန်းမောက်-ဝန်းသိုမြို့နယ်ချင်းဆက်လမ်းပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်ဟု သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့အနီး လူကုန်ကူးခံရသူမြန်မာအလုပ်သမား သုံးဦး ကြိုးတုပ်ရိုက်သည့်ပွဲစားကိုဖမ်းဆီး

**ဗန်ကောက်၊ မေ ၁၆**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်အနီးရှိ နကပထုန်နယ်မြေ၊ အုန်းယိုင် Big C ကုန်တိုက် အနီး ခစ်စဖန် ၅ လမ်းတွင်ရှိသော ရေခဲအရောင်းဆိုင်တွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများအား ကြိုးတုပ်၍ရိုက်နှက်ကာ အဓမ္မအလုပ်ခိုင်းစေခဲ့သည့် မြန်မာပွဲစားအား ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်းနှင့် အဆိုပါလူကုန်ကူးခံနေရသည့် မြန်မာအလုပ်သမား သုံးဦးအား ပူးပေါင်း အဖွဲ့တို့က မေ ၁၂ ရက်က ကယ်တင်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MyanmarAssociation inThailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

မေ ၈ ရက် ညနေပိုင်းက အဆိုပါအလုပ်သမားများထဲမှ မျိုးအောင်ဆိုသည့်အလုပ်သမားငယ်တစ်ဦးက ပွဲစား ချစ်ပိုလင်း နှိပ်စက်မှုကို မခံနိုင်တော့သဖြင့် ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ဆက်သွယ်အကူညီတောင်းခံလာခဲ့ရာ MAT အဖွဲ့မှ ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED နှင့် ညှိနှိုင်း၍ လူကုန်ကူးမှု တိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ AHTD နှင့်အတူ သွားရောက်ကယ်ထုတ်ပြီးနောက် နကပထုန် လ. ဝ. ကရုံးတွင် လိုအပ်သည့် စစ်ဆေးချက်များယူခဲ့ကြပြီး မေ ၁၂ ရက် နေ့လယ်ပိုင်းတွင် တရားရုံးမှ ဖမ်းဝရမ်းရရှိ၍ ပွဲစား ချစ်ပိုလင်းအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အဓမ္မအလုပ်ခိုင်းခံနေရသည့် မွန်ပြည်နယ်၊ သိမ်ဇရပ်မှ မျိုးမင်းအောင် အသက် ၂၀ နှစ်၊ ဝေဇင်ထက် အသက် ၁၉ နှစ်နှင့် ကျော်ဇင်ထိုက် အသက် ၁၈ နှစ် တို့သုံးဦးအား တစ်ဦးလျှင် ဘတ်ငွေ ၈၅၀၀ သာ ပေးဆပ်ရမည်ဟုဆိုကာ ပွဲစား ချစ်ပိုလင်းဆိုသူမှ ပြောခဲ့ကြောင်းနှင့် ယောက္ခမဖြစ်သူ ဒေါ်ငွေငွေအား ထိုင်းနိုင်ငံအတွင်းသို့ ပို့ဆောင် ခိုင်းစေခဲ့ပြီး တစ်ရပ်ကွက်တည်း နေထိုင်ကြသည့် အဆိုပါကလေးသုံး ဦးနှင့်အတူ အခြားကလေးသုံးဦး စုစုပေါင်း ခြောက်ဦးတို့အား ထိုင်းနိုင်ငံအတွင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမားများက ပြောသည်။

ရေခဲအရောင်းဆိုင်တွင် နှစ်လခွဲကျော်ကြာ အလုပ်လုပ်နေစဉ်ကာလအတွင်း နေ့စဉ် နံနက် ၄ နာရီ အိပ်ရာမှထကြရပြီး ပွဲစားမှန်းခေါ်ထ၍ ချက်ချင်းအိပ်ရာမှ မထပါက အိမ်သာထဲမှ ရေခပ်၍ မျက်နှာများကိုလောင်း၍ နိုးစေသည်ဟု ဆိုသည်။ ထို့အပြင်နံနက်စာ တစ်စုံတစ်ခု မစားရဘဲ တောက်လျှောက် ရေခဲကြိတ်ခွဲ၊ သယ်ပို့ အလုပ်လုပ်ခဲ့ကြရပြီး မွန်းလွဲ ၁နာရီမှသာ နံနက်စာ ထမင်းစားကြရကာ ည ၇ နာရီကျော် အလုပ်သိမ်းပြီးမှသာ ညစာထမင်းစားကြရသည်ဟု အလုပ်သမားများက ပြောခဲ့သည်။

မူလက အလုပ်သမားတစ်ဦးကို လုပ်ခလစာ တစ်လလျှင် ဘတ်ငွေ ၈၅၀၀ ပေးမည်ဟုပြောဆို၍ ခေါ်ယူခဲ့သော်လည်း လမ်းစရိတ် ဘတ်ငွေ ၂၅၀၀၀ ပေးရမည်ဟု ပွဲစားက ပြောဆိုထားကြောင်း အလုပ်သမားများက ဆက်လက်ပြောသည်။

ပွဲစား ချစ်ပိုလင်း၏ အဓမ္မခိုင်းစေခံရသည့် မြန်မာအလုပ်သမားများထဲမှ အသက် ၁၉ နှစ်အရွယ် ဝေဇင်ထက်၏ ဘယ်ဘက်လက်ကောက်ဝတ်အား ပြူတင်းပေါက်တွင်ကြိုးချည်ပြီးနောက် ယာလက်ကောက်ဝတ်ကို ဝရံတာတွင် ကြိုးစည်းပြုလုပ်ကာ ခါတ်ကြိုးဖြင့် ရိုက်နှက်ခြင်း၊ နံစောင်းအား ခြေထောက်ဖြင့် ကန်ကျောက်ခြင်း၊ မျက်နှာအား လက်သီးဖြင့် ထိုးနှက်နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်ခုထိ စကားမပြောနိုင်ဘူးဖြစ်နေတယ်။ လက်တွေလည်း နာနေတယ်။ ဘာပစ္စည်းမှကိုင်လို့မရဘူး ဖြစ်နေပါတယ်။ ပါးစပ်ကလည်းအောင့်နေပါတယ်။ ကျွန်တော့ကို မြန်မြန်အိမ်ပြန်ပို့ပေးကြပါခင်ဗျာ" ဟု ညှင်းပန်းနှိပ်စက်ခံရသော မြန်မာအလုပ်သမား ဝေဇင်ထက်က ပူးပေါင်းအဖွဲ့များအား ငိုယိုပြောခဲ့ကြောင်း သိရသည်။

ထို့ပြင် အဆိုပါပွဲစားသည် အခြားနှစ်ဦးကိုလည်း လက်သီးဖြင့် ထိုးဖူးခဲ့ကြောင်း အချိုရည်ပုလင်းများဖြင့် မကြာမကြာ ပစ်ပေါက်လေ့ရှိကြောင်း ထမင်းကျွေးလျှင်လည်း အယုတ္တအနတ္တ ဆဲဆိုကြောင်း အလုပ်သမားများက ပြောသည်။အဓမ္မခိုင်းစေခံခဲ့ရသူ မြန် မာ အလုပ်သမားသုံးဦးအားမြို့ နယ်အတွင်းရှိ ထိုင်းနိုင်ငံ အလုပ်သမားဦးစီးဌာနမှ ၇၅ ရက်စာ လုပ်အားခအတွက်စားစရိတ်နှုတ်၍ရှင်းပေးခဲ့ပြီးနောက် တရားရုံးတွင်သက်သေထွက်ဆိုရန်အတွက်ပထုံဌာနီ ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်လိုက်ကြောင်းသိရသည်။ အကြမ်းဖက်ရိုက်နှက်သည့် ပွဲစားကိုမူ ညှင်းပမ်းနှိပ်စက်မှု၊ အဓမ္မခိုင်းစေမှုနှင့်လူကုန်ကူးမှုတို့ဖြင့် ဆက်လက်အရေးယူ သွားမည်ဖြစ်ကြောင်း AHTD က ပြောသည်။

"ထိုင်းအကျိုးစီးပွားအတွက် လုပ်ပေးတဲ့ ပွဲစားတွေကို ထိုင်းလုပ်ငန်းရှင်က အပြည့်အဝ ကာကွယ်ပေးတယ်။ ထိုင်းဥပဒေကလည်း လူကုန်ကူးတဲ့သူတို့ အဓမ္မခိုင်းစေသူတို့နဲ့ အကြမ်းဖက်သူတွေကို အရေးယူဆောင်ရွက်ဖို့ ဥပဒေက အရမ်းပျော့လွန်းနေတယ်။ ကျွန်တော်တို့နဲ့အတူ မြန်မာတာဝန်ရှိသူတွေကလည်း ပူးပေါင်းဆောင်ရွက်မှု မရှိတော့ ကျွန်တော်တို့ အလုပ်လုပ်ရတာ အတော်ပဲ ခက်ခဲပင်ပန်းရပါတယ်" ဟု MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက ပြောကြားခဲ့သည်။

**(ဝ၄ဝ)**

ပြောက်ကွက်ဝယ်လိုသည်
09 31268183
09 31589922

# လက်ဖက်ရည်ဆိုင်များတွင် Wifi အခမဲ့အသုံးပြုသူများဖြင့်စည်ကား

**သာစည်၊ မေ ၁၆**

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များတွင် WiFi အင်တာနက် အခမဲ့အသုံးပြုခွင့်ပြုထားသဖြင့် စားသုံးသူများမှာ အင်တာနက် အခမဲ့အသုံးပြုနေရခြင်းကြောင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ်တွင် WiFi အင်တာနက် အခမဲ့ အသုံးပြုခွင့်ပေးထားသည့် ဆိုင်များမှာ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်နှင့် စားသောက်ဆိုင်များဖြစ်သော်လည်း လက်ဖက်ရည်ဆိုင်များတွင် WiFi အင်တာနက် အခမဲ့အသုံးပြုခြင်းကြောင့် ပိုမိုစည်ကားကြောင်း သိရသည်။

"သာစည်မှာ WiFi အင်တာနက် အခမဲ့အသုံးပြုခွင့်ပေးထားတဲ့ မေဖလားဝါး လက်ဖက်ရည်ဆိုင်က ပိုပြီးတော့ စည်ကားတယ်။ WiFi သုံးစွဲသူတွေက နေ့ရောညပါ လာရောက်သုံးစွဲကြတာမို့ နေ့ညမပြတ် စည်ကားနေတာ။ အဲဒီအထဲမှာ အမျိုးသမီးငယ်တွေလည်း လက်ဖက်ရည်လာသောက်ရင်းနဲ့ WiFi အင်တာနက် သုံးကြတယ်ဗျ။ မိုဘိုင်းဖုန်းကိုယ်စီနဲ့ WiFi အင်တာနက် အသုံးပြုသူတွေကို သာစည်မြို့ လက်ဖက်ရည်ဆိုင်နဲ့ စားသောက်ဆိုင်တွေမှာနေ့စဉ် မြင်တွေ့နေရတယ်။ သာစည်မြို့က အရင်တုန်းက မီးရထားလမ်းဆုံ မြို့လေးပေါ့ဗျာ။ အခုတော့ WiFi မြို့လေးဖြစ်နေပါပြီ" ဟု ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# စစ်မှုထမ်းဟောင်းအဖွဲ့၏နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၅**

အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၃-၂၀၁၄ ခုနှစ်ပတ်လည် အစည်းအဝေးကို အောင်ဆန်းရပ်ကွက်အတွင်းရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး ခန်းမဆောင်တွင် ကျင်းပသည်။

အစည်းအဝေးတွင် အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပတ်လည်အစည်းအဝေးတွင် ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးစောအယ်စီ(ငြိမ်း)မှ အမှာစကားပြောကြားရာတွင် ၂၀၁၃-၂၀၁၄ နှစ်ပတ်လည်အစည်းအဝေးတွင် အင်းစိန်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ၂၀၁၃-၂၀၁၄ ခုနှစ် စစ်မှုထမ်းဟောင်းများ၏ ပညာသင်ကြားနေသော သားသမီးများ၊ လူမှုရေးထောက်ပံ့ကြေးနှင့် ပညာသင်ကြားရေးအတွက် ထောက်ပံ့ငွေများကို ရှေ့နှစ်များတွင် ယခုနှစ် ထက်ပိုမိုထောက်ပံ့ပေးလိုသည် ဖြစ်ကြောင်းနှင့် ယခုနှစ်တွင် မူလတန်း ၂၀၀၀၊ အလယ်တန်း ၄၀၀၀၊ အထက်တန်း ၆၀၀၀၊ တက္ကသိုလ်ကျောင်းသား ၁၀၀၀၀ ထောက်ပံ့နိုင်ခဲ့ပြီး ရှေ့နှစ်တွင် ယခုနှစ်ထက်ပိုမိုထောက်ပံ့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(၆၈၄)**

# တွံတေးမြို့နယ်တွင် လယ်ဧက ၉၀၀ ကျော် လယ်သမားများထံပြန်လည်ပေးအပ်နိုင်ရန်ဆောင်ရွက်

**တွံတေး၊ မေ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စုရှိ လယ်ဧက ၉၆၉ ဒသမ ၁၂ ဧကကို မူလပိုင်ရှင် လယ်သမားများထံ ပြန်လည်ပေးအပ်နိုင်ရန် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ မြို့နယ်မြေစာရင်းသို့ တရားဝင်အပ်နှံပေးခဲ့ပြီးဖြစ်သည့်အတွက် ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိနေကြောင်း လယ်သမားအရေး ဆောင်ရွက်ပေးနေသူ ဦးမန်းအုန်းမြင့်သိန်းက ပြောသည်။

"အခုဆို မြို့နယ်မြေစာရင်းနဲ့ အုပ်ချုပ်ရေးတွေ နယ်မြေထဲဆင်းပြီး တင်ပြထားတဲ့သူတွေကို တစ်ဦးချင်း စစ်ဆေးတာတွေ ရပ်မိရပ်ဖတွေရဲ့ ထောက်ခံချက်နဲ့ ပြန်ပေးဖို့လုပ်ဆောင်နေတယ်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်က ဧပြီ ၃၀ ရက်စွဲနဲ့ မြို့နယ်မြေစာရင်းကို လာပြန်အပ်တာ" ဟု ၎င်းကပြောသည်။

ယခုပြန်လည်ပေးအပ်မည့် လယ်မြေများတွင် ရေတွင်းကုန်းကျေးရွာအုပ်စုမှ မူလပိုင်ရှင် လယ်သမား ၇၂ ဦးအား တင်ပြထားပြီး ကျန်ရှိသည့် မဝန်းကျေးရွာအုပ်စု၊ တူးချောင်းကြီးကျေးရွာအုပ်စု၊ ခတ္တိယတိုက်နယ်ကျေးရွာအုပ်စုမှ လယ်မြေများ မပါရှိသေးကြောင်း ၎င်းက ထပ်မံပြောပြသည်။

အဆိုပါ လယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် ၂၀၁၁ ခုနှစ်မှ စတင်လျှောက်ထားခဲ့သူများဖြစ်ပြီး လယ်သမား ၁၆၀ ပိုင်ဆိုင်သည့် လယ်ဧက ၂၀၄၀ ဧက ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ယခင်က အကြောင်းအမျိုးမျိုးကြောင့် သိမ်းယူခဲ့သည့် လယ်မြေများအား မူလပိုင်ရှင်လယ်သမားများထံ ပြန်လည်ပေးအပ်မှုများ ပြုလုပ်လျက်ရှိနေပြီး တပ်မတော်အနေဖြင့်လည်း ယခင်သိမ်းယူခဲ့သည့် လယ်မြေများကို မူလပိုင်ရှင်လယ်သမားများထံ ပြန်လည်ရောက်ရှိစေရန် အဆင့်ဆင့် ညှိနှိုင်းစစ်ဆေး၍ စနစ်တကျ ပြန်လည်ပေးအပ်မှုများ ပြုလုပ်ပေးလျက်ရှိနေကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော်မှလည်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများမှ ပြည်သူများ နစ်နာမှုမရှိစေရန် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး**

# ဆဌမအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပပြုလုပ်

**ရန်ကုန်၊ မေ ၁၆**

ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သော ဆဌမအကြိမ် လယ်တီဝိပဿနာ ကမ္မဋ္ဌာနာစရိယဆရာဖြစ်သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၈ နာရီက မရမ်းကုန်းမြို့နယ်ရှိ နာဂလှိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ဓမ္မဗိမာန်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို သာသနာ့သဿ လောကဿဘဝတုသဗ္ဗဒါ အစရှိသော ဂါထာတော်ကို သံဃာတော်များက သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ၊ နာဂလှိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်ထံမှ အာဋဝိဋ္ဌမကသီလကို ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် ကြွရောက်လာကြသော သြဝါဒါစရိယ ဆရာတော်ကြီးများက သြဝါဒစကားများကို အသီးသီးမိန့်ကြားတော်မူကြပြီးနောက် လယ်တီဝိပဿနာပြန့်ပွားရေး ဗဟိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနန်းနွယ်(ကမ္မဋ္ဌာနာစရိယ)က သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ပြီး လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမျိုးတင့်အောင်က အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို အကျဉ်းချုပ် တင်ပြခဲ့သည်။

ဆက်လက်၍ သင်တန်းကာလအတွင်း လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားတော်ကို နာဂလှိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသမဟာထေရ်ထံမှနာယူကြပြီး ရေစက်ချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

၎င်းသင်တန်းသို့ ရဟန်းရှင်လူ ၄၀၈ တက်ရောက်ခဲ့ပြီး ဆရာတော်ကြီးများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက သင်တန်းသားများကို အောင်လက်မှတ်များ ပေးအပ်ခဲ့ကြသည်။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

# ဧရာဝတီတံတား(ထီးချိုင့်)ဆောက်လုပ်ရန် မြေနေရာဖယ်ပေးသည့် တောင်သူများကိုလျော်ကြေးပေး

**ထီးချိုင့်၊ မေ ၁၆**

ဧရာဝတီတံတား(ထီးချိုင့်) ဆောက်လုပ်မှုတွင် တံတားဖြတ်ကျော်ရာ၌ ပါရှိသည့် ထီးချိုင့်ဘက်ကမ်းမှ ယာမြေရှင်၊ အိမ်မြေရှင် ၂၀ ဦးတို့အား မြေယာလျော်ကြေးငွေပေးရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြရာ မြေတစ်ဧကလျှင် ကျပ် ၇၅ သိန်းဖြင့် လျော်ကြေးသတ်မှတ်ပေးနိုင်ခဲ့ပြီး တောင်သူများဘက်မှလည်း ကျေနပ်လက်ခံခဲ့ကြကြောင်း သိရသည်။

တံတားအရှည်ပေ ၅၉၃၀ ရှိသော ဧရာဝတီတံတား(ထီးချိုင့်) သည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း မြတောင်စံပြကျေးရွာနှင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း ထီးချိုင့်မြို့တို့ကို ဖြတ်ကျော်ဆောက်လုပ်မည်ဖြစ်ပြီး တံတားဖြတ်ကျော်ရာတွင် တံတားဆောက်လုပ်မည့်ဧရိယာ၌ပါရှိသည့် ထီးချိုင့်ဘက်ကမ်းမှ ယာမြေရှင်၊ အိမ်မြေရှင် ၂၀ တို့၏ မြေယာလျော်ကြေးငွေကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဧရာဝတီတံတား(ထီးချိုင့်) ဆောက်လုပ်မှုတွင် မြေနေရာဖယ်ပေးရသော တောင်သူများအား မြေယာတန်ဖိုးလျော်ကြေးပေးရန်အတွက် တာဝန်ရှိသူများနှင့် တောင်သူများ ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၄ ရက် ညနေ ၄ နာရီက ထီးချိုင့်မြို့ ရွှေထီးရိပ်သာဧည့်ခန်းမဆောင်တွင် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ကသာခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ကြိုင်၊ ဦးစန်းမောင်၊ တံတားဆောက်လုပ်ရေးတာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြေရှင်တောင်သူ ၂၀ တို့ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောကလျာ(ထီးချိုင့်)**

# ယခုနှစ် ဧပြီတွင် မြန်မာနိုင်ငံသို့ အပျော်စီးသင်္ဘောဖြင့် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုကြောင့် သတ်မှတ်လျာထားချက် သုံးသန်းပြည့်မီနိုင်

**ရန်ကုန်၊ မေ ၁၆**

ယခုနှစ် ဧပြီလကုန်အထိ ကမ္ဘာလှည့်ခရီးသည်များ အပျော်စီးသင်္ဘောဖြင့် ဝင်ရောက်မှုအား ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တစ်နှစ်ပတ်လုံးနှင့် နှိုင်းယှဉ်ကြည့်ပါက သင်္ဘောစီးရေလေးစီး ပိုမိုများလာသည်ကိုတွေ့ရသောကြောင့် ယခုနှစ်ပြည်ပဧည့်သည်ဝင်ရောက်မှု မျှော်မှန်းချက် သုံးသန်းပြည့်နိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းအရ သိရသည်။

မြန်မာနိုင်ငံအတွင်းသို့ ဧပြီလကုန်အထိ အပျော်စီးသင်္ဘောဖြင့် ပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုမှာ သင်္ဘော ၁၂ စီးနှင့် ခရီးသည်ဦးရေ ၇၁၂၀ ရှိခဲ့ကြောင်း သိရသည်။

"ခရီးသွားတွေ တိုးတက်နေတာကတော့ အမှန်ပါပဲ။ ဝင်နေတဲ့နှုန်းကလည်း အားရစရာကောင်းပါတယ်။ မနှစ်ကဆိုရင် နယ်စပ်ကဝင်တဲ့ခရီးသည်ဦးရေက အပြည်ပြည်ဆိုင်ရာလေဆိပ်တွေက ဝင်တဲ့ခရီးသည်နှုန်းထက် ပိုများတာတွေ့ရသလို လက်ရှိမှာလည်း နယ်စပ်ဝင်ပေါက်တွေမှာလည်း ခရီးသည်ဝင်ရောက်မှုနှုန်းက တိုးတက်နေပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးနောင်နောင်ဟန်က ပြောသည်။

ထို့ပြင် ယခုလာမည့် ဇွန် ၁ ရက်တွင် စင်ကာပူနိုင်ငံမှ ရန်ကုန်မြို့သို့ ခရီးသည် ၂၁၇၄ ဦးပါဝင်သော ကမ္ဘာလှည့်အပျော်စီးသင်္ဘောတစ်စီးလာရန် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနအား တင်ပြထားကြောင်းလည်း သိရသည်။ ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံးတွင် ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘောဖြင့်လာရောက်လည်ပတ်ခဲ့သည့် သင်္ဘောရှစ်စီး ရှိခဲ့ပြီး ခရီးသည်ဦးရေ ၄၀၁၀ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

"ဒီလို ပုံမှန်အနေအထားအတိုင်း ပြည်ပခရီးသည်တွေ ထပ်ဝင်နေမယ်ဆိုရင် သတ်မှတ်ထားတဲ့ ဒီနှစ်လျာထားချက်သုံးသန်းကို ပြည့်မီသွားမှာပါ။ ပြည်ပဧည့်သည်ဝင်ရောက်မှုတွေကိုကြည့်ရင် နယ်စပ်ဝင်ပေါက်တွေက ဝင်တာရယ်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်တွေက ဝင်တာရယ်၊ အပျော်စီးသင်္ဘောနဲ့ စင်းလုံးငှားပြီးလာတဲ့ ခရီးစဉ်တွေပါဝင်သလို နောက်ထပ်လည်း လာစရာတွေ အများကြီး ရှိပါသေးတယ်"ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**စိုးအောင်ဖေ**

# မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် စိုက်ပျိုးရေနှင့် သောက်သုံးရေ ရေတွင်း ၁၀၂ တွင်းနှင့် ရေကန် ၁၆ ကန်ဆောင်ရွက်ပြီးစီး

**မြင်းခြံ၊ မေ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်ရှိ ကျေးရွာများတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကျေးရွာနေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆောင်ရွက်ပြီးစီးသော ရေကန် ၁၆ ကန်နှင့် ရေတွင်း ၁၀၂ တွင်းတို့အား လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၄ ရက် နံနက် ၈ နာရီက ခူဝံကျေးရွာရှိ ရေကန်အနီးနှင့် ပျော်ဘွယ်ကျေးရွာရှိ စက်ရေတွင်းအနီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံက ကျေးရွာနေပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်ပေးခြင်းဖြစ်သည်ဟု ပြောကြားသည်။

၎င်းတို့၏ဒေသသည် မိုးနည်းပါးသောဒေသဖြစ်၍ ယခုလိုဆောင်ရွက်ပေးသော ရေတွင်း၊ ရေကန်များကို စနစ်တကျ အကျိုးရှိရှိသုံးစွဲစေလိုကြောင်း၊နောက်ထပ်လည်း ရေတွင်း၊ ရေကန်များ ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်ကလည်း ရေတွင်း၊ ရေကန်များကို ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများမှ ပူးပေါင်းဆောင်ရွက်သဖြင့် မိုးမကျမီ အချိန်မီပြီးစီး၍ ကျေးရွာနေပြည်သူများထံ လွှဲပြောင်းပေးအပ်ခွင့်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါစိုက်ပျိုးရေနှင့်သောက်သုံးရေအတွက်ရေတွင်း ၁၀၂ တွင်းအတွက်ကုန်ကျငွေကျပ်သိန်း ၆၇၀ ကျော်နှင့် ရေကန် ၁၆ ကန်အတွက် ကျပ်သိန်း ၁၇၀၀ ခန့်ကုန်ကျကြောင်း သိရှိရသည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

# ပြည်သူ့ဝန်ဆောင်မှု စာပေရေချမ်းစင်များ ဆောင်ရွက်

**နောင်ချို မေ ၁၅**

ပြည်သူကိုဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှု မီဒီယာတစ်ရပ်အနေဖြင့် အများပြည်သူအသိပညာဗဟုသုတရရှိရေးအတွက် အလွယ်တကူစာပေလေ့လာဖတ်ရှုနိုင်ရန် စာပေရေချမ်းစင်များအား နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဧပြီ၂၈ ရက်နှင့် မေ ၂ ရက်တို့တွင် လူစည်းကားရာ နေရာများ၌ ထားရှိ ဆောင်ရွက်ခဲ့ကြသည်။

နောင်ချိုမြို့နယ် ပြန်/ဆက်ရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများသည် မြို့နယ်အတွင်း လူစည်းကားရာနေရာများ၌ စာပေရေချမ်းစင် ၁၁ ခုဆောင်ရွက်ခဲ့ပြီး အဆိုပါ စာပေရေချမ်းစင်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှုနှင့်အနုပညာ၊ သိပ္ပံနှင့်နည်းပညာ၊ ကလေးလူငယ်၊ အတ္ထုပ္ပတ္တိဆိုင်ရာစသည့် ပညာရပ်မျိုးစုံအား ထားရှိပေးထားမှုအပေါ် ပြည်သူလူထုက များစွာကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ယာဉ်နောက်လိုက် ယာဉ်ပေါ်မှ ပြုတ်ကျသေဆုံး

**ရန်ကုန်၊ မေ ၁၆**

အင်းစိန်မြို့နယ်အတွင်း မေ ၁၄ ရက် နံနက် ၂ နာရီ ၁၄ မိနစ်တွင် ဘုရင့်နောင်လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း ကိုညောင်တုန်း(စုံစမ်းဆဲ) မောင်းနှင်လာသော ဒိုင်နာအဖြူရောင် အငှားယာဉ်မှ ယာဉ်နောက်လိုက်ဖြစ်သူ ကိုကျော်ကျော်သူရ ၂၅ နှစ်၊ ရွှေပြည်သာမြို့နယ်နေသူမှာ ဗန်းမော်ကျော်ငြိမ်းလမ်းထိပ်အရောက်တွင် ယာဉ်ပေါ်မှပြုတ်ကျခဲ့ပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်ကိုထားကာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။ ထိုသို့ ယာဉ်ပေါ်မှပြုတ်ကျခဲ့သူ ယာဉ်နောက်လိုက် ကိုကျော်ကျော်သူရတွင် ဝဲမျက်ခုံးဖူးရောင်၊ နှာခေါင်းသွေးထွက်၊ ယာနံဘေးပွန်းဒဏ်ရာများ ရရှိခဲ့သောကြောင့် အင်းစိန်ဆေးရုံသို့တင်ပို့စဉ် လမ်း၌သေဆုံးသွားခဲ့ရကြောင်း သိရသည်။ ယာဉ်မောင်း ကိုညောင်တုန်း(စုံစမ်းဆဲ) အား အင်းစိန် မြို့မရဲစခန်းမှ ယာဉ်(ပ) ၅၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က/၂၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း–MLA)**

YCTC
Business Institute
Certificate in Financial Management
Certificate in Customer Service Management
May 31

ဆောင်းသည်

မီးသတ်မြို

Get US Degree, Any Major, University of Your Own Choice
Diploma Courses and Foundation Courses
IELTS Classes
4 Skills
with
Native Speaking Teacher
Seats are Limited!
Enroll Now !!!
Call Us: 01- 527168 , 09- 255 901 718

Hotel လုပ်ကိုင်ရန် သင့်တော်သော နေရာကောင်းမြေကွက် ရောင်းရန်ရှိသည်

## ကန့်ကွက်နိုင်ပါသည်

[illegible]

[illegible]

## ကန့်ကွက်နိုင်ပါသည်

[illegible]

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁)၊ မြေကွက်အမှတ်(၇၉၅)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိဦးကျော်ဝင်း အမည်ပေါက် ပါမစ် အမျိုးအစားမြေကွက်အား အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဒေါ်ခင်သီတာအေး ဝယ်ယူပိုင်ဆိုင်လျက်ရှိသော မြေကွက်ကို ၎င်းမိခင် ဒေါ်သန်းသန်းမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုလျက် ခြေရင်းဘက်အခြမ်းရှိ (၂၀×၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သည့် မည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြေညာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ထားသော နေ့ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသူဇာ (LL.B) အထက်တန်းရှေ့နေ(စဉ်-၂၈၆၈၄)**
**အမှတ်(၉၄)၊ ဦးဘဟန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၃၁၁၁၄၆၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၅)၊ (၂)ခန်းတွဲ၊ (၆) ထပ်တိုက်၏ ဒုတိယထပ် ဥလ္လာ(ခြေရင်းခန်း) တိုက်ခန်းအား တရားဝင်လက်ရှိပိုင်ဆိုင်ထားရှိသူဖြစ်သည့် ဒေါ်ဘေဘီဝင်း[၁၂/လမတ(နိုင်)၀၀၀၅၅၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလာ(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊၅ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်လှမြင့်**
**အသက်(၆၆)နှစ်**

City Mart Holding Co., Ltd. မှ ဒေါ်သင်းသင်းခိုင် (Acting Branch Manager-Junction Maw Tin Branch)၏မိခင် ဒေါ်လှမြင့် အသက်(၆၆)နှစ်သည် ၁၂-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**City Mart Holding Co., Ltd.**
**MD နှင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးထွန်းမို**
**အသက်(၈၉)နှစ်**

ဆရာဦးကြည်မြင့်(Director, Device Services Co., LTD.)၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီးသည် ၂၉-၄-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အလှဘဏ်မိသားစု**

**A HLA BANK CREATIVE SERVICES CO.,LTD.**
**MANDALAY**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာဦးဝင်းဇော်**
**အသက်(၅၁)နှစ်**
**ဆေးရုံအုပ်ကြီး/အထူးကုဆရာဝန်ကြီး**
**အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ သမိုင်း**

ဤတက္ကသိုလ် ပညာရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာ ဦးဝင်းဇော်သည် ၁၂-၅-၂၀၁၄ ရက်တွင် ရုတ်တရက်ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ**
**မော်ကွန်းထိန်းနှင့်ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ကျေးဇူးအထူးတင်ရှိခြင်း

ဦးထွန်းထွန်းဝင်း အသက်(၄၇)နှစ် B.E(Civil) မန္တလာသီရိအဆင့်မြင့် ဘောလုံးကွင်းစီမံကိန်း၊ စီမံကိန်းအင်ဂျင်နီယာ၏ နာမကျန်းစဉ် ဝိုင်းဝန်းပြုစုကုသပေးကြပါသော Dr. ဦးစိန်မြင့်(အသည်း၊ အစာအိမ်၊ အူလမ်းကြောင်း အထူးကုသမားတော်ကြီး၊ မန္တလေး)၊ ဆရာကြီး ဦးသံစစ်(အသည်းအထူးကု)၊ ဆရာမကြီး ဒေါ်ကြည်ကြည်ညွှန့် ပါမောက္ခ ဆေး(၂)အသည်းပညာဌာန၊ ဗဟိုစည်ဆေးရုံမှ ဆရာ၊ ဆရာမများ၊ မန္တလာသီရိဘောလုံးကွင်းမှ တပည့်လေးများ၊ ဆေးဝါးပေးပို့ကူညီကြပါသော သူငယ်ချင်းများ၊ ဈာပန နောက်ဆုံးခရီးတွင် ကိုယ်တိုင်လိုက်ပါပို့ဆောင်ပေး ပါသော Max Myanmar ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်ဇနီး၊ ဒုဥက္ကဋ္ဌ အကိုလေး ဦးအုန်းကျော်နှင့်ဇနီး၊ ဆရာဦးခင်မောင်တင့်၊ MD ဦးဝင်းဖေသန်း၊ Director ဒေါ်သက်နှင်းစိုး၊ Director ဦးခင်မောင်ကြွယ် နှင့် P.E များ၊ P.Dများ၊ GM များ၊ ရုံးချုပ်မှ ဝန်ထမ်းများအားလုံးအားလည်းကောင်း၊ ပန်းခြင်းပေးပို့၍ လိုက်ပါပို့ဆောင်ပေးကြပါသော ငယ်သူငယ်ချင်းများ၊ သတင်းမေးအားပေးကြပါသော နိုင်ငံတကာမှ အဝေးရောက် သူငယ်ချင်းများ၊ မိတ်ဆွေများအားလုံး Message များ၊ Phone များဖြင့် အားပေးကြပါသော သူငယ်ချင်းမိတ်ဆွေများအားလုံး၊ ရန်ကုန်တက္ကသိုလ်၊ စက်မှုတက္ကသိုလ်တို့မှ ငယ်သူငယ်ချင်းများ၊ ဆရာ၊ ဆရာမများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်း၍ လိုလေသေးမရှိအောင် ကူညီဖေးမစောင့်ရှောက်ပေးကြပါသော မိတ်ဆွေ၊ မောင်နှမ၊ မန္တလာသီရိဘောလုံးကွင်းမှ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများနှင့် တပည့်များအားလုံးအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဟိန်သိန်း(မြိတ်)**
**အသက်(၉၅)နှစ်**

ဒေါ်သန်းမူ(ထူးထူးတိုးကုမ္ပဏီလီမိတက်-ရန်ကုန်)၊ ဒေါ်ခင်မှိုတို့၏ ချစ်လှစွာသောမွေးသဖခင် ဦးဟိန်သိန်း အသက်(၉၅)နှစ်သည် ၁၃-၅-၂၀၁၄ (အင်္ဂါနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်-ဒေါ်ချိုချိုစန်း**
**ထူးထူးတိုးအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်စောတင်(ခ)(Mavis)(စစ်တွေ)**
**အသက်(၈၈)နှစ်**

ဆရာဦးတင်ဇံကျော်(M.D, Device Services Co.,LTD)၏ ချစ်လှစွာသော မိခင်ကြီးသည် ၈-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလှဘဏ်မိသားစု**
**A HLA BANK CREATIVE SERVICES CO.,LTD.**
**MANDALAY**

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခဒေါက်တာကြည်ကြည်ညွှန့် [ဌာနမှူး၊ အသည်းရောဂါပညာဌာန၊ ဆေးတက္ကသိုလ်(၂)မြောက်ဥက္ကလာပဆေးရုံကြီး]သည်၁၃-၅-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မဖြူဖြူဇော်**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးရဲသူအောင်**
**အသက်(၃၅)နှစ်**

ရတနာပုံတက္ကသိုလ်၊ ရှေးဟောင်းသုတေသနပညာဌာန လ/ထ ကထိက ဦးရဲသူအောင်သည် ၁၃-၅-၂၀၁၄ရက် နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ပါမောက္ခ/ဌာနမှူးနှင့်ဆရာ/ဆရာမများ**
**ရှေးဟောင်းသုတေသနပညာဌာန**
**ရတနာပုံတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဟိန်သိန်း(မြိတ်)**
**အသက်(၉၅)နှစ်**

ဒေါ်သန်းမူ(ထူးထူးတိုးကုမ္ပဏီလီမိတက်-ရန်ကုန်)၊ ဒေါ်ခင်မှိုတို့၏ ချစ်လှစွာသောမွေးသဖခင် ဦးဟိန်သိန်း အသက်(၉၅)နှစ်သည် ၁၃-၅-၂၀၁၄(အင်္ဂါနေ့)နံနက် ၃း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်-ဒေါ်ချိုချိုစန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**
**ရေနန်းသူဇာ ထရေးဒင်းကုမ္ပဏီလီမိတက်**
